# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**

**ကုစားရေးလုပ်ငန်းကော်မတီ**

သတင်းထုတ်ပြန်ချက် (၂/၂၀၂၃)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံ တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစတင်၍ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၃၂၇ ခု၊ ချေးငွေပမာဏ ကျပ် ၇.၆၃ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေထုတ်ပေးခဲ့သည့် မွေးမြူရေးကဏ္ဍမှ လုပ်ငန်း ၃၂၇ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် စေ့ရောက်သည့်နေ့မှစ၍ သက်တမ်း ၁ နှစ် တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ မာ တိ ကာ**

De-dollarization နှင့်အတူ...

ဆောင်းပါး စာ ၁၀

လာအိုနိုင်ငံ၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လှုပ်ရှားမှု လာအိုခရီးသွားနှစ် ၂၀၂၄ စတင်ပြုလုပ်မည်



နိုင်ငံတကာသတင်း စာ ၁၃

ဆီးချိုသွေးချိုအန္တရာယ် ကာကွယ်ဖို့ ကိုယ်တိုင်သိရှိဆင်ခြင်စို့

*၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး*

စာ ၁၆



ရွှေနတ်တောင်ရေလှောင်တမံကို တွေ့ရစဉ်။

# မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရန် ဆိုလာရေတင်စနစ်နှင့် ရွှေနတ်တောင်ရေလှောင်တမံမှ ရေပေးဝေရေး ဆောင်ရွက်ထား

**မော်လမြိုင် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုးမှုအပါအဝင် ဆီနှင့် အခြားဆီထွက်သီးနှံများအတွက် လိုအပ်သည့် စိုက်ပျိုးရေ ရရှိနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာတွင် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအတွင်း လက်ရှိ အကျိုးပြု လယ်ဧက ၂၀ အတွက် ၁ နာရီ ဂါလန် ၃၀၀ ရေပေးဝေနိုင်မည့် (၅၅၀-W) ဆိုလာပြားများ၊ အင်ဗာတာ၊ မော်တာနှင့် ရေစုပ်ပိုက်၊ ရေထုတ်ပိုက်များအသုံးပြုကာ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုကို *စာမျက်နှာ ၄ ကော်လံ ၁* ❐

မြန်မာ့အလင်း

# သတင်းအဆိပ်မသင့်ကြစေဖို့

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း စက်သုံးဆီနှင့်ပတ်သက်၍ ကောလာဟလများ ထွက်ပေါ်လာခဲ့ရာ ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အလုအယက်လာရောက်ဝယ်ယူကြသည့် ကားတန်းရှည်ကြီးများ ဖြစ်ပေါ်ခဲ့သလို စက်သုံးဆီဝယ်ယူ၍ မရတော့သဖြင့် စိတ်ပျက်ညည်းညူကြသည့် အသံများစွာလည်း ပေါ်ထွက်လာခဲ့ရသည်။ အဓိကအကြောင်းရင်းခံမှာ စက်သုံးဆီရောင်းချသည့် ခွဲတမ်းများကို လျှော့ချသည်ဟူ၍လည်းကောင်း၊ စက်သုံးဆီဝယ်ယူရန် အစိုးရက ဒေါ်လာ ချမပေးဘူးဟူ၍လည်းကောင်း၊ စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်နေပြီး ပြန်လည်ဖြည့်ပေးနိုင်ခြင်းမရှိတော့ဟူ၍လည်းကောင်း မသမာသူတို့ ထုတ်လွှင့်လိုက်သည့် ကောလာဟလကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကားစီးရေ၏ ထက်ဝက်ခန့်ရှိနေသည့် စီးပွားရေးမြို့တော် ရန်ကုန်တွင် အထက်ပါကောလာဟလကို အကြောင်းပြု၍ စိုးရိမ်ထိတ်လန့်မှုဖြင့် စက်သုံးဆီဝယ်ယူမှု အချိန်တိုအတွင်း ရုတ်တရက် ထိုးတက်သွားသောအခါ စက်သုံးဆီဆိုင်အချို့ကလည်း စိုးရိမ်စိတ်ဖြင့် အရောင်းပိတ်လိုက်ကြပြန်သဖြင့် စက်သုံးဆီအကျပ်အတည်းဆိုက်သည့် ပုံစံမျိုးဖြစ်ပေါ်သွားခဲ့သည်။ အဆိုပါကောလာဟလသည် အခြားမြို့ကြီးအချို့ဆီသို့ ထပ်ဆင့်ပျံ့နှံ့ခဲ့သော်လည်း နေ့စဉ်ပုံမှန်အတိုင်း စက်သုံးဆီဝယ်ယူရရှိနေခဲ့သည်။ ရန်ကုန်မြို့ကဲ့သို့ မော်တော်ယာဉ်စီးရေ မများခြင်းနှင့် အလုအယက်ဝယ်ယူမှု မရှိခြင်းတို့ကြောင့် ရုတ်ရုတ်သဲသဲပုံစံမျိုး ဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ သတင်းအမှန်ထုတ်ပြန်မှု ပေါ်ထွက်လာသည့်အခါ ပုံမှန်အခြေအနေအတိုင်း စိတ်အေးချမ်းသာစွာ နေနိုင်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီတို့နှင့်စပ်လျဉ်း၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဆီခွဲတမ်းများကို စိစစ်သော်လည်း ယခင်အတိုင်းပင် ခွင့်ပြုပေးထားပြီး လျှော့ခြင်းမရှိကြောင်း၊ ပြည်တွင်း၌ စက်သုံးဆီအလုံအလောက်ရှိပြီး ပြည်တွင်းလက်ကျန်မည်မျှရှိကြောင်း၊ ထပ်မံ၍လည်း မည်မျှရောက်ရှိလာဦးမည် ဖြစ်ကြောင်းနှင့် မည်သည့်စက်သုံးဆီအမျိုးအစားမဆို ပြည်တွင်း၌ တစ်လစာအရန်ရှိအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်က မီဒီယာများသို့ ရှင်းလင်းပြောကြားခဲ့သည်။ စက်သုံးဆီနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက အထူးအလေးထားဆောင်ရွက်ပေးနေသည့်အတွက် ယခင်အတိုင်း ဒေါ်လာရောင်းချပေးနေကြောင်း ထည့်သွင်းပြောကြားခဲ့သည့်အပြင် ယခုအချိန်တွင် အချိန်ကိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး ဘက်ပေါင်းစုံမှ သတင်းအမှားများ ထုတ်လွှင့်နေကြကြောင်းနှင့် သတင်းအမှားများကို ကြည့်ပြီး သတင်း အဆိပ်မသင့်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

မျက်မှောက်အချိန်ကာလသည် မိမိတို့နိုင်ငံတွင် လွန်စွာအရေးကြီးသည့် အချိန်အခါဖြစ်ပြီး ရပ်ရွာဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးမှသည် ပြည်ထောင်စုကြီးတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် မပြိုကွဲ မပျက်စီးရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။ ယင်းသို့သော အခြေအနေ၊ အချိန်အခါတွင် မီဒီယာပေါင်းစုံတို့က ထုတ်လွှင့်ဖော်ပြနေကြသည့် သတင်းပေါင်းစုံတို့မှာ ပြည်သူလူထုအပေါ် စိုးရိမ်ထိတ်လန့်မှု၊ စိတ်ရှုပ်ထွေးမှု၊ ပူပန်ကြောင့်ကြမှုတို့ကိုသာ ဖြစ်ပေါ်စေပြီး တိကျမှန်ကန်သော သတင်းအချက်အလက်ပေးသည့် မီဒီယာဟူ၍ လွန်စွာနည်းပါးလှသည်။ သတင်းအမှန်ကို သိရှိလိုကြသော ပြည်သူတို့အဖို့ မိမိတို့၏ အတွေ့အကြုံ၊ ဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတို့နှင့် သုံးသပ်ဆင်ခြင်၍သာ သတင်းအချက်အလက်အမှန်ကို ရွေးချယ်လက်ခံနိုင်ကြရန် လိုအပ်သည်။

စက်သုံးဆီကောလာဟလ ရိုက်ခတ်ခဲ့မှုနှင့် ဖြစ်ပေါ်ခဲ့ရသည့် အကျိုးဆက်များကိုကြည့်လျှင်ပင် သတင်းတု၊ သတင်းမှားများ၊ ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်လိုက်သည့် မမှန်မကန်သတင်းများက လူ့အဖွဲ့အစည်းအပေါ် မည်မျှဆိုးကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိနိုင်သည်။ နေ့စဉ်အချိန်နာရီနှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသည့် သတင်းများကို ယုံကြည်စိတ်ချရသည့် နေရာများမှ တစ်ဆင့် ရယူရန်၊ ကောလာဟလများနှင့် သတင်းအတုအယောင်များ၊ သတင်းအမှားများကို သတိပြုရှောင်ရှားခြင်းဖြင့် သတင်းအဆိပ်မသင့်စေရန် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်အား နိုဝင်ဘာလ ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းများကို သုံးရက်တိုင်တိုင် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင် အား အီဂျစ် အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အီဂျစ်အာရပ်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၁၉၈၉ ခုနှစ်တွင် အီဂျစ်နိုင်ငံ၊ ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ France Institut International d’Administration Publique မှ နိုင်ငံတကာ ဆက်ဆံရေး ဒီပလိုမာကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပရှိ အီဂျစ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နည်းပညာဌာနတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဥပဒေဌာနတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတကာ ညီလာခံများဌာနတွင် ဒုတိယလက်ထောက်အဖြစ်လည်းကောင်း အသီးသီး တာဝန်များ ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံ၊ အီဂျစ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ အီဂျစ်သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆားဘီးယားနိုင်ငံရှိ အီဂျစ်သံရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မောရစ်ရှပ်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်မှ စတင်၍ အီဂျစ် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပသမဂ္ဂဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“သတင်းတု၊ သတင်းမှားများကို ချင့်ချိန်ယုံစေချင်”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံတော်ကို အမှန်တကယ်ချစ်မြတ်နိုးသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပုသိမ်မြို့၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

**ပုသိမ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ၊ ဟိုတယ်ဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ပဉ္စမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ (ဓာတ်ပုံ)



နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ပုသိမ်မြို့ အမှတ် (၃) ရပ်ကွက်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရခြင်းမရှိသူ ၃၀၀ ကျော်ကို ထိုးနှံပေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကလိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပုသိမ်(လှကြည်)

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် တီးတိန်မြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့နှင့် တွန်းဇံမြို့တို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ ပေါင်မြို့တွင် ၀ ဒသမ ၆၇ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၄**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၄**



မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာ့သမိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထူးဖိတ်ကြားထားသူများ၊ ရန်ကုန်ရှိ မြန်မာစာအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက AI နည်းပညာအကူအညီဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်တွင် မြန်မာဘာသာစကားနှင့် စာပေကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာစာနှင့် တိုင်းရင်းသားဘာသာစကားများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်း စောင့်ရှောက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များကို မြန်မာစာ၊ မြန်မာစကား၊ မြန်မာဗျည်းသရအက္ခရာ၊ သဒ္ဒါ၊ အထားအသို၊ အသုံးအနှုန်း၊ အပြောအဆို၊ အရေးအသားတို့ကို ထုံးမီစံမှီ မှန်ကန်တိကျရေးနှင့် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲ တိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြန်မာယူနီကုဒ်စနစ် အသုံးပြု၍ မြန်မာဘာသာစကားအတွက် ကွန်ပျူတာ၏ ဘာသာစကား စွမ်းဆောင်မှုနည်းပညာ (Natural Language Processing-NLP) လုပ်ငန်းစဉ်များ တိုးချဲ့ခြင်း၊ မြန်မာစာကို အွန်လိုင်းဆက်သွယ်ရေး ကွန်ရက် (Cyberspace)တွင် အခြားဘာသာစကားများနည်းတူ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ စက်ဘာသာပြန် (Machine Translation) စနစ် တည်ဆောက်ခြင်း၊ စကားသံကို ကွန်ပျူတာစက်က အလိုအလျောက် သိရှိနားလည်မှု (Automatic Speech Recognition) စနစ် တည်ဆောက်ခြင်း၊ ဉာဏ်ရည်တု (Artificial Intelligence-AI) နည်းပညာကို မြန်မာရေးထုံးမူများနှင့် ချိတ်ဆက်၍ ကျယ်ပြန့်စွာ အသုံးချရေးအတွက် ဆောင်ရွက်ခြင်း စသည်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း။

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၂၃-၂၀၂၈) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံသားများ လူမှုစီးပွားကဏ္ဍပေါင်းစုံတွင် AI နည်းပညာကို မြန်မာဘာသာစကားဖြင့် အမြန်ဆုံး အသုံးချနိုင်စေရန် ကွန်ပျူတာက ဘာသာစကား နားလည်တတ်ကျွမ်းမှုသည် အရေးကြီးပါကြောင်း၊ ကွန်ပျူတာ၏ ဘာသာစကား စွမ်းဆောင်မှု နည်းပညာ (NLP) သည် အခြား AI နည်းပညာများ အားလုံးနှင့်ချိတ်ဆက်ထားသည့် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးသော နည်းပညာဖြစ်ပါကြောင်း၊ မြန်မာယူနီကုဒ်စနစ်ကို အခြေခံသော NLP လုပ်ငန်းစဉ်များ၊ စက်ဘာသာပြန်လုပ်ငန်း (Machine Translation) များကို တိုးချဲ့လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်းတို့က စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ AI နည်းပညာရှင် ဒေါက်တာ တင်ဖုန်းကျော်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် NLP ဌာန ပါမောက္ခ ဒေါက်တာဝင်းပပတို့က စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ နည်းပညာလုပ်ငန်းစဉ်များ၊ စီမံကိန်းဆိုင်ရာ ကွန်ပျူတာလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ပညာရှင်ကြီးများ၊ တက်ရောက်လာသူများက စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းသည်။ **သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများကြောင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် ၁ နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ/ လုပ်ငန်း ၃၂၇ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း ၂ နှစ် စေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် ၁ နှစ် ထပ်မံ တိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများအား ပေးဆပ်ပြီး ဖြစ်ရပါမည်၊

( ခ ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများအား ကာလပြည့်မီက ပေးဆပ်ပြီးဖြစ်ရပါမည်၊

( ဂ ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်းဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် “ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း” အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

# အိမ်မဲမြို့နယ်တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**အိမ်မဲ နိုဝင်ဘာ ၁၄**



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ဦးဆောင်ကျင်းပသော ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဒေါက်တာသန်းဌေးက ဆီးချိုသွေးချို ရောဂါအတွက် ဆောင်ရန်၊ ရှောင်ရန်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က “ဆီးချိုသွေးချို ကာကွယ်ဖို့ ကိုယ်တိုင်သိရှိဆင်ခြင်စို့ ” ခေါင်းစဉ်ဖြင့် ကျန်းမာရေး အသိပညာပေးပြောကြားပြီး သရုပ်ပြလေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ NGO, INGO များ၊ ပြည်သူများက ဆီးချိုသွေးချိုရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားပြီး တက်ရောက်လာသော အသက် (၄၀) နှစ်နှင့်အထက် ပြည်သူများအား ဆီးချိုသွေးချို ရောဂါရှိ/ မရှိသွေးဖောက်စစ်ဆေးပေးသည်။ အဆိုပါ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို အိမ်မဲမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာန/ ဌာနခွဲများအားလုံးတွင် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အိမ်မဲ (ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## ဆီးချိုသွေးချိုရောဂါ မဖြစ်ပွားစေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံကိုကျင့်သုံးရန် အထူးလိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၄

**၂၀၂၃ ခုနှစ် "ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။**



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူ ၁၀ ဦးတွင် တစ်ဦးသည် ဆီးချိုသွေးချိုရောဂါ ခံစားနေရပြီး ဆီးချိုသွေးချိုရောဂါကြောင့် နှစ်စဉ် လူဦးရေ နှစ်သန်းခန့် အသက်ဆုံးရှုံးနေရကြောင်း၊ ဆီးချိုသွေးချိုရောဂါရှိနေသူ ၅၀ ရာခိုင်နှုန်းခန့်သည် ၎င်းတို့ကိုယ်တိုင် ရောဂါဖြစ်ပွားနေမှန်း မသိရှိကြကြောင်း၊ ဖြစ်ပွားသေဆုံးမှု မြင့်မားလာသည့် ဆီးချိုသွေးချိုရောဂါကို ကာကွယ်ထိန်းချုပ်ရန်နှင့် ရောဂါအန္တရာယ် အသိပညာပေးခြင်းကို မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ စတင်၍ နှစ်စဉ် နိုဝင်ဘာ ၁၄ ရက်တိုင်း "ကမ္ဘာ့ဆီးချိုသွေးချို ရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day)" အထိမ်းအမှတ် အခမ်းအနားကို ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ 'Know your risk, Know your response' ဖြစ်ပြီး မြန်မာဘာသာဖြင့် "ဆီးချိုသွေးချိုအန္တရာယ် ကာကွယ်ဖို့၊ ကိုယ်တိုင်သိရှိဆင်ခြင်စို့" ဟု သာသာပြန်ဆိုထားကြောင်း၊ ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုမှ မိမိတို့တွင် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနိုင်သည့် အန္တရာယ်အခြေအနေကို သိရှိနားလည်၍ အချိန်မီစစ်ဆေးကုသမှုများ ရယူရန် ဖြစ်ပါကြောင်း။

အသက် (၄၅) နှစ် ကျော်လာလျှင် ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများလာသည်ကို တွေ့ရှိရကြောင်း၊ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆီးချိုသွေးချိုရောဂါ မဖြစ်ပွားစေရန် အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှု ပုံစံကို ကျင့်သုံးရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေး မြှင့်တင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် ကုသမှု ရရှိစေရန်နှင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာ မြင့်မားစေရန်အတွက် Center of Excellence for Diabetes များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်၌ ရှိသည့် ဆေးရုံကြီး လေးခုနှင့် မကွေး ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်၍ ခေတ်မီနည်းပညာ ကုထုံးများဖြင့် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ဒေသန္တရကျန်းမာရေးဌာနများနှင့် မိခင်နှင့် ကလေး ကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်း ၇၄၀၀ ကျော်ကို ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်၍ အခြေခံကျန်းမာရေး ဝန်ထမ်းများက ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကိုလည်း နိုင်ငံတော်မှ အခမဲ့စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားသေဆုံးမှုနှင့် ရောဂါနောက်ဆက်တွဲ လူမှုစီးပွားဒုက္ခများကို ရှောင်ရှားနိုင်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ပြည်သူလူထုအနေဖြင့် ယခုနှစ် "ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ ရောဂါအန္တရာယ်ကို ကိုယ်တိုင်သိရှိနားလည်ပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ပြုမူကာ လိုအပ်သော စစ်ဆေးကုသမှုများကို အချိန်မီ ရယူရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားပြခန်းငယ်အား လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ ဆီးချိုသွေးချိုရောဂါရှိသော ဝန်ထမ်းများအား စစ်ဆေးကုသပေးခြင်းနှင့် မိမိဆန္ဒအလျောက် ဆီးချိုသွေးချို ရှိ မရှိ စစ်ဆေးလိုသည့် အသက် (၄၀)နှစ်နှင့်အထက် ဝန်ထမ်းများကိုစစ်ဆေးပေးခြင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ/ဌာနမှူးများ၊ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❐ *ရှေ့ဖုံးမှ*

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများအတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး အလေးထားဆောင်ရွက်ကြရန်၊ စပါးစိုက်ပျိုးမှုများအပြင် ဆောင်းသီးနှံနေကြာနှင့် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေလှောင်တမံသို့ ရောက်ရှိကြပြီး ရေလှောင်တမံ၊ ရေပိုလွှဲနှင့် မြို့ရေပေးဝေရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရွှေနတ်တောင်ရေလှောင်တမံ၏ အချက်အလက်များ၊ ဆည်ရေသောက်ရေပေးဝေနိုင်သည့် ဧရိယာဧကေ ၄၀၀၊ မြို့ရေပေးဝေရေး တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၁၉ သန်း ပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရေပိုလွှဲ အမျိုးအစားများ၊ တူးမြောင်းမကြီး၊ လက်တံတူးမြောင်းများနှင့် တောင်သူများအတွက် အကျိုးပြုစိုက်ဧက ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စပါးစိုက်ဧကများ၊ ဥယျာဉ်ခြံများအား ဆည်ရေပေးဝေရာတွင် တောင်သူများ အကျိုးပြုစေရေး အလေးထားဆောင်ရွက်ကြရန်၊ ရေလှောင်တမံ ခံနိုင်ရည်အားပေါ်မူတည်၍ ရေသိုလှောင်နိုင်သည့်ပမာဏကို အမြဲမပြတ် စစ်ဆေးတွက်ချက်ကာ ရေပိုလွှဲ၊ ရေထုတ်ပြွန်များဖြင့် စနစ်တကျ ရေပိုလွှဲထုတ်နိုင်ရေး ဆောင်ရွက်ရန်၊ နွေစပါးနှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဆည်ရေအား ပြည့်ဝစွာ ပေးဝေနိုင်ရေး ဆောင်ရွက်ပေးကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**

---

## ကျောက်တလုံးကြီးမြို့၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံ

ကျောက်တလုံးကြီး နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ အသက် ၉ နှစ်မှ ၁၂ နှစ်အတွင်း ကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပုံဆွေပင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ နိုဝင်ဘာ ၁၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျောက်တလုံးကြီးမြို့ ဟမ်းဆီးကျေးလက်ကျန်းမာရေးဌာနမှ ဒေါ်နန်းနွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက အသက် ၉ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသူ ၇၀ ကို ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးပြီး သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။

**ဇော်နိုင်လင်း**

---

## တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာသို့ ကျောင်းသားကျောင်းသူများ ကွင်းဆင်းလေ့လာ

အုတ်တွင်း နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဘုရားနှစ်ဆူကျေးရွာအုပ်စု အုတ်တလင်းကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းများ ဆောင်ရွက်သည်။

တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက ကြီးကြပ်ဆောင်ရွက်ပြီး စာရင်းကောက်ယူနေမှုကို ညောင်ခြေထောက် စိုက်ပျိုး/မွေးမြူရေးအထက်တန်းကျောင်းမှ မွေးမြူရေး ကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၄ ရက်အထိ စာရင်းကောက်ယူပြီးစီးမှု ၈၃ ဒသမ ၈၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်မြို့ရှိ နိုင်ငံပိုင်ဟိုတယ်များ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၄

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ခံ ညွှန်ကြားရေးမှူး ဦးနန္ဒအောင်တို့နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Strand Hotels International Co.,Ltd.တို့ ဖက်စပ်ဆောင်ရွက်နေသော ဟိုတယ်များဖြစ်သည့် ဒဂုံမြို့နယ်ရှိ Hotel G၊ မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ် (Inya lake Hotel) များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ပြည်ထောင်စုဝန်ကြီးသည် Hotel G သို့ ရောက်ရှိစဉ် Myanmar Hotel International Co.,Ltd. ၏ Managing Director Mr. Sukhdeep Singh နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအနက် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများစုလာရောက်ကြသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြစေရေးကို ကြိုးစားမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Hotel G ၏ တည်နေရာကောင်းမွန်မှုနှင့် ထူးခြားသော ဝန်ဆောင်မှုများဖြင့် ပေါင်းစပ်မြှင့်တင်ဆောင်ရွက်ပါက ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြမည်ဖြစ်ပြီး ဟိုတယ်ပုံရိပ် ကောင်းမွန်လာကာ ဝင်ငွေလည်း တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ် (Inya Lake Hotel) ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

**SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Committee) အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)ကို ယနေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းအဆင့်-၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ခြောက်ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်အထိ SME လုပ်ငန်းရှင် ၆၀၄ ဦးသို့ ချေးငွေကျပ် ၁၃၈ ဒသမ ၁၄၈ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းအဆင့်-၂ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်အထိ SME လုပ်ငန်းရှင် ၁၇၇၃ ဦးသို့ ချေးငွေကျပ် ၃၃၉ ဒသမ ၁၇၉ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း။

MSME နှစ်ဆင့် ချေးငွေများကို သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရေး၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)ကိုအားပေးကူညီပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် MSME လုပ်ငန်းများသို့ ဆက်လက်ထုတ်ချေးနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် Working Committee အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်အကျုံးဝင်သည့် SME လုပ်ငန်းများသို့ အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဘဏ်များက ချေးငွေများ ထုတ်ချေးရာတွင် ကြုံတွေ့ရသည့် အခြေအနေများကို စီမံကိန်းကြီးကြပ်ရေးအဖွဲ့က တင်ပြပြီး လုပ်ငန်း ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**ကူညီပံ့ပိုးပေး**

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက် စေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သော ငွေကြေးထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးနိုင်ရန် SME နှစ်ဆင့် ချေးငွေ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒက္ခိဏသီရိမြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ၊လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း ပထမနေ့ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ပထမနေ့အဖြစ် ဒက္ခိဏသီရိမြို့နယ်၌ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်သည်။ **(ယာပုံ)**



**လက်တွေ့စမ်းသပ်မဲပေး**

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြရာ မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို မဲဆန္ဒရှင်များ ကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စိစစ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခဲ့ကြသည်။

**ယုံကြည်သဘောကျ**

ထိုသို့ ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်နိုင်ခဲ့ပြီး မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များ တိုက်ဆိုင်စစ်ဆေးရာတွင် မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲများ မရှိတော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်း၊ မဲပေးခြင်းမှသည် မဲရေတွက်ခြင်းအထိ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခြင်းတို့ကို လက်တွေ့သိရှိခဲ့ရသည့်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အပေါ် ယုံကြည်သဘောကျနှစ်ခြိုက်မှုရှိစွာဖြင့် မဲပေးဆောင်ရွက်ခဲ့ကြသည်။

**စမ်းသပ်မဲပေးဆောင်ရွက်မည်**

အခမ်းအနားသို့ လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ဒက္ခိဏသီရိရပ်ကွက်၊ ရွှေအင်ကြင်းရပ်ကွက်နှင့် ရန်အောင်မြင်ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ ခုမှ မဲဆန္ဒရှင်ပြည်သူများကို ရှင်းလင်းသရုပ်ပြခြင်းနှင့် စမ်းသပ် မဲပေးခြင်းများကို နိုဝင်ဘာ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဇေယျာသီရိမြို့နယ်တွင် မိုးစပါးစံကွက်ရိတ် တစ်ဧကလျှင် စပါးအစို ၁၀၇ ဒသမ ၅၀ တင်းနှုန်းထွက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၄

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဘေး ကွင်းအမှတ် (၁၆၀၇) တောင်သူ ဦးကျော်ခင်၏ မိုးစပါးစိုက်ခင်းအနီး၌ ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မြို့နယ်အတွင်း ၂၀၂၃- ၂၀၂၄ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ ဆောင်းဆီထွက်သီးနှံများ စိုက်ပျိုးရန်လျာထားမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံများ ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိက စံကွက်ရိတ်သိမ်းမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ပင်လောင်းလမ်း ဘေးဝဲ/ယာတွင် နေကြာစိုက်တောင်သူများကို နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဘေး ကွင်းအမှတ်(၁၆၀၇) တောင်သူ ဦးကျော်ခင်၏ မိုးစပါးစံကွက် ရိတ်သိမ်းခြင်း၊ စပါးခြင်တွယ်ခြင်းများကို ကြည့်ရှုအားပေးရာ(**ယာပုံ**) တစ်ဧကလျှင် စပါးအစို ၁၀၇ ဒသမ ၅၀ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာအနီး ပေါင်းလောင်းမြစ်ဘေးရှိ ပေါင်းလောင်းမြစ်ရေကို အသုံးပြု၍ နေပြည်တော် တိုးချဲ့ရေပေးဝေရေး (ပေါင်းလောင်း)စီမံကိန်းမှ ရေခေါ်မြောင်း၊ ရေယူအဆောက်အဦ တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု ဂုတ်ချိုင်းကျေးရွာတွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းဆီထွက်သီးနှံ မြေပဲစံပြစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ပြည်မြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၌ အခြေပြု၍ ပြည်မြို့ရှိ မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ပြည်မြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၈၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၇ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားရောဂါ ၃၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇ ဦး စုစုပေါင်း ၅၁၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်-

**ဦးဝင်းကြိုင်( ခရိုင်တပ်ဖွဲ့မှူး၊ ပြည်ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့)**



ကြက်ခြေနီဟာ နိုင်ငံတော်ရဲ့ အရန်အင်အားဖြစ်တဲ့ အတွက် ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အထောက်အကူများ လိုအပ်လာရင် အချိန်မရွေးအမြဲတမ်းပဲ အသင့်ရှိပါတယ်။ အခုလည်း ကျွန်တော်တို့ နယ်လှည့်ဆေးကုသရေးအဖွဲ့ လာတယ်ဆိုတော့ ပြည်သူလူထုရဲ့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွေမှာ ပါဝင်ကူညီဖို့အတွက် ပြည်ခရိုင်နဲ့ ပြည်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့က တပ်ဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနဲ့ အမျိုးသမီး ငါး ဦး အားလုံးပေါင်း ၁၂ ဦး ဒီမှာလာပြီးတော့ မနေ့ကတည်းက ကူညီနေတာဖြစ်ပါတယ်။ ကြက်ခြေနီတပ်ဖွဲ့အနေနဲ့ပဲ ပြောပြော၊ ပြည်သူတစ်ယောက် အနေနဲ့ပဲ ပြောပြော၊ ကျွန်တော်တို့ ပြည်သူလူထုတွေက ဆေးကုသမှု အခက်အခဲ အများကြီးရှိတယ်။ တချို့ဆို ပါရဂူတွေကို မပြနိုင်ဘူးပေါ့။ ဒီလို တပ်မတော်ကလာပြီး ဆေးကုသပေးတဲ့အတွက် ပြည်သူတွေရဲ့ကိုယ်စား၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေရဲ့ မိသားစုများကိုယ်စား၊ ပြည်သူအားလုံးရဲ့ ကိုယ်စား ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။

အခုလိုလာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့ လွယ်လွယ်ကူကူနဲ့ ဆေးတွေ ကုသရတယ်။ ဆေးတွေလည်း အလကားရတယ်။ အပြင်မှာဆိုရင် တချို့ ဆေးထိုးဖို့တောင် မလွယ်တဲ့ မိသားစုတွေရှိနေတဲ့ အချိန်ကာလမျိုးမှာ အခုလို လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်း သာပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရဲ့ ရည်ရွယ်ချက်က ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ရည်ရွယ်ချက်ကြီး တစ်ခုရှိပါတယ်။ အဲဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစဉ် သုံးခု ရှိပါတယ်။ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နဲ့ ဘေးဒုက္ခကျရောက်သူများကို ကူညီရန် ဆိုတဲ့ လုပ်ငန်းစဉ် သုံးခုနဲ့ ရည်ရွယ်ချက်ကို အောင်မြင်အောင်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်အကြီးအကဲကိုလည်း ပြည်သူလူထုတွေရဲ့ ဆင်းရဲဒုက္ခတွေကို ကူညီပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကြားတာဆိုရင် ဧရာဝတီမြစ်ရိုးတစ်လျှောက် တော်တော်များများ မြို့တွေဝင်လာခဲ့တာပေါ့နော်။ အဲဒီအတွက် တပ်မတော် အကြီးအကဲကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ပြည်သူလူထုတွေကို စောင့်ရှောက်ပေးတဲ့အတွက်၊ ကာကွယ်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်လို့ ဒီနေရာကနေ ပြည်သူလူထုကိုယ်စား ပြောလိုပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။

**ဦးသောင်းအေး**
**(နဝင်းရပ်ကွက်၊ ပြည်မြို့)**

ကျွန်တော့်ရောဂါက ကျောအောင့်တယ်၊ ဗိုက်က နာတယ်။ အဲ့ဒါကို ဆရာဝန်နဲ့ ပြတယ်။ ပြပြီးတော့ ကျောအောင့်တာ သက်သာပြီး ဆီးချုပ်သွားတယ်။ ဆီးချုပ်သွားလို့ အခုဆေးအဖွဲ့ကို လာပြီး ကုသမှုခံယူတာဖြစ်ပါတယ်။ ရပ်ကွက်ထဲက လူတွေက ဒီမှာ တပ်မတော်က ဆေးကုသမှုအဖွဲ့တွေ ရောက်နေတယ်။ အဲဒါ သိတာနဲ့ ဒီနေ့လာတာပါ။ ဆရာဝန်တွေက ဆေးတွေ စစ်တယ်။ ဆေးကုသထားတဲ့ မှတ်တမ်းတွေကို ကြည့်တယ်။ ကြည့်ပြီးတော့ ဒါလိုတယ်။ ဒါက မလိုဘူး။ သူတို့ပေးတဲ့ ဆေးတွေ အခုကျွန်တော် သောက်ရမှာပါ။ ကျွန်တော်က ဆီးကျိတ်ရှိတယ်။

ဒါမျိုးက အမြဲတမ်း လူတိုင်း လူတိုင်းက မျှော်လင့်တောင့်တနေတာ။ နေ့တိုင်းနေ့တိုင်း ရပ်ကွက်တိုင်းကို ဒီလိုလာရင် ကျွန်တော်တို့က ပိုပြီးတော့



သဘောကျလေးပဲလေ။ ဘာလို့လဲဆိုတော့ မရှိဆင်းရဲသားတွေက အများကြီးရှိတယ်။ အဲဒီလို လူမျိုးတွေက ဒါမျိုးကို ကျွန်တော်တို့ မျှော်ပြီး အားကိုးနေရတာ။ ဆေးခန်း သွားမယ်ဆိုလည်း ဈေးတွေက သိတဲ့အတိုင်းပဲလေ အလွန်ကြီးတာကို။ တပ်မတော်အကြီးအကဲတွေကိုလည်း ဒါမျိုးလေးအမြဲတမ်း လာနေမယ်ဆိုရင်တော့ ကျွန်တော်တို့ သဘောကျတာပေါ့။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာပြည်မြောက်ဖျားပိုင်း နောင်မွန်ဒေသဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပူတာအို နိုဝင်ဘာ ၁၄**

မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသ ဝမ်းစာဖူလုံရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူတာအိုခရိုင်သို့ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၉ ရက်တွင် နောင်မွန်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ နိုဝင်ဘာ ၉ ရက် နံနက် ၆ နာရီခွဲတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပူတာအိုခရိုင် နောင်မွန်မြို့သို့ မချမ်းဘော-ဖရုခ-ရပ်ဘော့-နောင်မွန်လမ်းအတိုင်း သွားရောက်ခဲ့ကြပြီး မချမ်းဘောမြို့နယ် ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ခဲ့သော ၂၁ မိုင် View Point ၌ တောတောင်သဘာဝရှုခင်းများအား ကြည့်ရှုခဲ့ကြကာ View Point သန့်ရှင်းသာယာလှပရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နောင်မွန်မြို့သို့ရောက်ရှိပြီး နောင်မွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ရပ်ကွက်(၁) အတွင်းရှိ လမ်းများနှင့် ရပ်ကွက်(၁)နှင့် (၃)တို့အား ဆက်သွယ်ထားသော ရပ်ကွက်ချင်းဆက်လမ်း လုံရောင်လမ်း ၁၅၈၈ ပေတို့အား ကွန်ကရစ်လမ်းနှင့် ကျောက်စီရေမြောင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရပ်ကွက်(၄)နှင့် ရပ်ကွက်(၁) အကြား အခြေခံပညာ အထက်တန်းကျောင်းရှေ့ ရေကျော်နေရာ၌ ကွန်ကရစ်ကျောက်စီရေမြောင်းအား လမ်းနှင့် တစ်ပြေးညီဖြစ်စေရေး ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ထားမှုကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့နောက် နောင်မွန်မြို့ မိုးစပါးစိုက်ကွင်းတစ်ခုဖြစ်သည့် ဆန်ခွမ်းကွင်းအတွင်း ဆင်းဇေရီ-၃ အထွက်တိုးမျိုးစပါးများ စိုက်ပျိုးထားရှိမှုကို တောင်သူဦးဇီနန်းဖုန်းဆားရ်၏ လယ်မှတစ်ဆင့် ကြည့်ရှုစစ်ဆေးကြပြီး ရိတ်သိမ်းချိန်မိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများနှင့် ကွင်းအတွင်း ဖြတ်သန်းသည့် ချောင်းရေရရှိမှု အခြေအနေတို့အား မေးမြန်းကြကာ ဆောင်းသီးထပ်သီးနှံစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နောင်မွန်ပြည်သူ့ဆေးရုံဝင်းအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၈၅၀ ဖြင့် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်လျက်ရှိသော နှစ်ထပ် RC တိုးချဲ့လူနာဆောင်သစ် တည်ဆောက်နေမှုအားလည်းကောင်း၊ ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြကာ လူနာများအတွက် ထောက်ပံ့ငွေများနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

ကယားပြည်နယ်၏ ပညာရေးကဏ္ဍတွင် အရေးပါဆုံးနေရာဖြစ်သည့် လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ(၁၃)ရက်နှင့် နိုဝင်ဘာ(၁၄)ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ယင်းတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ပညာရေးဆိုင်ရာအဆောက်အဦများနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား ထိခိုက်စေသည့်အတွက် အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## လပွတ္တာမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်

**လပွတ္တာ နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ညွှန်ကြားချက်နှင့်အညီ ဒုတိယတိုင်း ဦးစီးမှူး ဦးမြသိန်း၊ လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းနှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းအောင် တို့သည် လပွတ္တာမြို့နယ် Texchem Marine Labutta Limited ကုမ္ပဏီရှိ ကဏန်းပျော့မွေးကန်များတွင် အယ်လ်နီညိုရာသီဥတု၏ အပူဒဏ် ကြိုတင်ကာကွယ်ရေးအတွက် အမိုးများ ပြုလုပ်၍ စမ်းသပ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ အယ်လ်နီညိုရာသီဥတုဖြစ်ပွားခြင်းကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မည့် အခြေအနေများဖြစ်သော အပူချိန် ပြင်းထန်လွန်ကဲခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့အား ကြိုတင်ကာကွယ်ရန်အတွက် ကဏန်းပျော့မွေးကန်တွင် ဖျင်စအမိုးများ ပြုလုပ်ပေးခြင်းဖြင့် အပူချိန်လျော့ကျနိုင်ပြီး အပူချိန်မြင့်တက်မှုကို ထိရောက်စွာ ကာကွယ်နိုင်သည့်အပြင် မိုးရွာသွန်းပါက မိုးရေတိုက်ရိုက်ကျရောက်မှုကိုပါ ကာကွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်သမဝါယမအသင်းစုချုပ် (လီမိတက်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို အဆိုပါအသင်းစုချုပ် (လီမိတက်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးလှသာထွန်းက အမှာစကားပြောကြားခြင်း၊ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်း ပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဇော်မင်းက လည်းကောင်း၊ အသင်း စာရင်းစစ်အဖွဲ့အစီရင်ခံစာကို အသင်းစာရင်းစစ် ဦးသန်းဖေက လည်းကောင်း ဖတ်ကြားသည်။ ၎င်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသော အသင်းဝင် ကိုယ်စားလှယ်များက သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ချက်ရယူသည်။

ဆက်လက်၍ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲတွင် ဖွဲ့စည်းရေးကော်မတီဝင်များ ဖြစ်ကြသည့် ဦးဇော်မင်းထွန်း(ဥက္ကဋ္ဌ)၊ ဒေါ်မြင့်မြင့်သူ (အတွင်းရေးမှူး)၊ ဦးတင်ထွဋ်(အဖွဲ့ဝင်)နှင့် အသင်းဝင်ကိုယ်စားလှယ် ၃၄ ဦး တက်ရောက်ခဲ့သည်။ သဘာပတိအဖြစ် ဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထွန်းက ဆောင်ရွက်ပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ အမည်စာရင်း ဖတ်ကြားခြင်း၊ သမဝါယမအသင်းစုချုပ် ဦးစီးကော်မတီဝင်များ အမည်စာရင်း ရွေးချယ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ သမဝါယမအသင်းစုချုပ်၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်း စာရင်းစစ်အဖွဲ့ရွေးချယ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်း စာရင်းစစ်များ တာဝန်ခွဲဝေသတ်မှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ဗဟိုသမဝါယမအသင်း လီမိတက်သို့ စေလွှတ်မည့် အသင်းကိုယ်စားလှယ်အမည်စာရင်းရွေးချယ်ခြင်းနှင့် အတည်ပြုချက် ရယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ရွေးချယ်ခြင်းခံရသည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်း စာရင်းစစ်များသည် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

**ရတနာသစ်တော၊ ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၂၇ ဦးက လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် စုစုပေါင်း ၅၁၄၈၂၅၃၈၀၀ နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူး(ဝဲပုံ)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများနှင့် အကြော်အလှော်ဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။**

### လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေး

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။


### ဆုတောင်းမေတ္တာ စာလွှာများပါရှိ


စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ အန္တရာယ်ရန်စွယ်တွေကို ကျော်လွှားနိုင်ပါစေကြောင်း၊ အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်သားများ ကျန်းမာပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာ စာလွှာများ ပါရှိကြောင်း သိရသည်။

### လားရှိုးမြို့သို့ တပ်မတော် လေယာဉ်ဖြင့် ပို့ဆောင်

အလားတူ ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော် အထုပ် ၆၅၇၀၊ ငါးပိကြော် အထုပ် ၅၄၅၀ နှင့် ငံပြာရည်ကြော် အထုပ် ၄၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အဆိုပါ အကြော်အလှော်ထုပ်များကို ပုသိမ်မြို့မှတစ်ဆင့် လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများ၊ အကြော်အလှော်ထုပ်များကို တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။







## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကိုလိုလားသည့် သံဃာတော်



များနှင့် ပြည်သူများ စုစည်း၍ တိုင်းပြည်အလုံးစုံ ပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA ၊ TNLA ၊ MNDAA ၊ AA ၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပသည်။

ဦးစွာ မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား ၂၀၀၀ ကျော်သည် စုရပ်နေရာဖြစ်သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောက်တော်ကြီးဘုရားရှေ့ ၆၆ လမ်းပေါ်တွင် စုစည်း၍ ၎င်းမှတစ်ဆင့် နန်းမြို့ ကျုံးဘေး ၁၂လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် ၇၃ လမ်းအတိုင်း၊ ၎င်းမှတစ်ဆင့် မန္တလေးတောင်ခြေရှိရွှေမန်းတောင် လူငယ်အားကစားလေ့ကျင့်ရေး စခန်းကွင်းအတွင်းသို့ ချီတက်၍ လမ်းတစ်လျှောက် အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး တပ်မတော်သားများအား ထောက်ခံအားပေးသည့် ကြွေးကြော်သံများ ဟစ်ကြွေး၍ ဆန္ဒထုတ်ဖော်ကြသည်။(**အောက်ပုံ**)

ထို့နောက် ရွှေမန်းတောင် လူငယ်အားကစား လေ့ကျင့်ရေး စခန်းကွင်းအတွင်း အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကိုသံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကိုဖွင့်လှစ်ခဲ့ပြီး အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ အမျိုးသားရေး တက်ကြွ လှုပ်ရှားသူများက ရှင်းလင်းဟောပြောခြင်းကို ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် “နယ်မြေတည်ငြိမ်အေးချမ်းရေး (ဒို့အရေး- ဒို့အရေး)၊ တိုင်းပြည်အလုံးစုံ ပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား (ဆန့်ကျင်ကြ- ဆန့်ကျင်ကြ)၊ NCA ကိုဆန့်ကျင်ပြီး အကြမ်းဖက်အဖျက်အမှောင့် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအား(ဆန့်ကျင်ကြ-ဆန့်ကျင်ကြ)၊ အကြမ်းဖက်အစွန်းရောက် လုပ်ရပ်များ(အလိုမရှိ)၊ အပြစ်မဲ့ သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာ ကောက်ကျစ်မှုများ (အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက်လုပ်ရပ်မှန်သမျှ (ဆန့်ကျင်ကြ)၊ တပ်နှင့်ပြည်သူ အတူတူသွေးခွဲလာသူ(ဒို့ရန်သူ- ဒို့ရန်သူ)၊ အကြမ်းဖက်သမားများနှင့်အကြမ်းဖက်အားပေးထောက်ခံသူများ(ဆန့်ကျင်ကြ)၊ နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုး ဒေါ်လာစားပြည်ဖျက်လောက်ကောင်များအား (ဆန့်ကျင်ကြ)၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (အောင်ရမည် – အောင်ရမည်)၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား (ထောက်ခံပါသည်- ထောက်ခံပါသည်)၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား အပြည့်အဝ (ထောက်ခံပါသည်- ထောက်ခံပါသည်) ဟူသော ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည်-

**ပြည်သူတစ်ဦး**

ရှေ့တန်းရောက်တပ်မတော်သားတွေနဲ့အတူ တစ်သားတည်းရှိနေပါတယ်ဆိုတာ ပြောချင်ပါတယ်။ ကိုယ်ကိုယ်တိုင်လက်နက်ကိုင်ခွင့်မရလို့သာ နောက်တန်းမှာဒီလိုမျိုးထောက်ခံပြီးမှ အားပေးနေရခြင်းဖြစ်ပါတယ်။ လက်နက်ကိုင်ခွင့်သာရခဲ့မယ်ဆိုရင် သူတို့နဲ့အတူ တိုက်ပွဲဝင်မှာပါ။

**ပြည်သူတစ်ဦး**

မြန်မာ့ တပ်မတော်ကြီးကို ချစ်မြတ်နိုးပါတယ်။ မြန်မာ့တပ်မတော်သားတွေနဲ့ အတူရပ်တည်နေမှာပါ။ အသက်၊ ခန္ဓာတွေ၊ သွေးတွေပေးဆပ်ထားတဲ့ မြန်မာ့တပ်မတော်ကြီးကို အမြဲတမ်း ထောက်ခံအားပေးပြီး မြန်မာ့တပ်မတော်သားတွေကို လက်နက်မရှိဘဲနဲ့ ရင်ဘတ်နဲ့ အသည်း နှလုံးတို့နဲ့အကာအကွယ်ပေးသွားမယ်ဆိုတာကို သစ္စာပြုပါတယ်ရှင်။

**ပြည်သူတစ်ဦး**

တပ်မတော်သား တွေက ကျွန်တော်တို့အတွက် အသက်ကိုပေးပြီးတော့ ကျွန်တော်တို့ပြည်သူလူထုတွေကို ကာကွယ်စောင့်ရှောက်ပေးနေပါတယ်။ တိုင်းပြည်ရဲ့ အဓိကမဏ္ဍိုင်ကြီးဖြစ်တဲ့မိသားစုနိုင်ငံတော်ကြီး မပြိုကွဲဖို့အတွက် ရှေ့တန်းကနေ ရှုပ်ရှုပ်ချုံချုံနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လုပ်ဆောင်ပေးနေတဲ့ အချိန်မှာ ကျွန်တော်တို့က နှလုံးသားနဲ့ အသံနဲ့ပေးနေရခြင်းဖြစ်ပါတယ်။

**ပြည်သူတစ်ဦး**

ရှေ့တန်းရောက် တပ်မတော်သားတွေနဲ့ အတူတူရှိပါတယ်။ လိုအပ်ရင် တိုက်ဖို့အသင့်ပါ။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင်(**အပေါ်ပုံ**)မျိုးချစ်ရဟန်းနှင့် ပြည်သူ ၁၅၀၀ ခန့်သည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းတွင် လည်းကောင်း၊ မိတ္ထီလာမြို့တွင် မျိုးချစ်ရဟန်းနှင့်ပြည်သူ ၁၄၈၅ ဦးခန့်သည် မိတ္ထီလာမြို့ ခရိုင်အားကစားကွင်းတွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူ ၈၅၀ ခန့်သည် မကွေးမြို့ ခရိုင်အားကစားကွင်းတွင်လည်းကောင်း တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို အသီးသီး ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









## လဟယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး



**လဟယ် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက နာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းနှင့် ရုံးအဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လဟယ်-လောင်ကျန်းနောက်ကုန်-တိုက်ရုံ-လကျန်း-လန်ထိန်လမ်းခွဲကြားရှိ မြေသားလမ်းပြင်ထိန်း (၁၀/၀)မိုင် (၅x၅x၂၆) ပေ၊ ရေထွက်ပြွန်ငါးစင်း တည်ဆောက်ခြင်းနှင့် တိုင်းဒေသကြီးနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တစ်လွှာတစ်ထပ်ဘေလီတံတားပေ ၂၀ သုံးစင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ လဟယ်မြို့နယ်အနောက်ခြမ်း ကျေးရွာအုပ်စုအားလုံးအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

# De-dollarization နှင့်အတူ...

တင်ဇာ (IR)

**De-dollarization** ဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်ရေး၊ ငွေကြေးလည်ပတ်စီးဆင်းမှုတို့တွင် ဒေါ်လာအစား အခြားသော ငွေကြေးစနစ်များကို ပြောင်းလဲကျင့်သုံးခြင်းဖြစ်စဉ် ဖြစ်ပါသည်။ ယင်းဖြစ်စဉ်တွင် နိုင်ငံသုံးငွေကြေး၊ ပြည်တွင်းငွေပေးချေမှုနှင့် အရန်ငွေကြေးစနစ်တို့ကို ပြောင်းလဲပြင်ဆင်ကျင့်သုံးခြင်းတို့ ပါဝင်နေပါသည်။ အမေရိကန်ဒေါ်လာသည် ယေဘုယျအားဖြင့် နိုင်ငံတကာ အရန်ငွေကြေးအဖြစ်လည်းကောင်း၊ နိုင်ငံတကာကုန်သွယ်ရေးအတွက် လည်းကောင်း နှစ်ပေါင်း ၈၀ နီးပါးခန့် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ သို့သော် အမေရိကန်ဒေါ်လာကို ကမ္ဘာ့အရန်ငွေကြေးအဖြစ် စုဆောင်းခြင်းသည် ၂၀၀၁ ခုနှစ်တွင် ၇၃ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း တွေ့ရပါသည်။ ထိုကဲ့သို့ နိုင်ငံအများစုက အခြားသောငွေကြေးကို ပြောင်းလဲသုံးစွဲရန်ကြိုးပမ်းနေကြသော်လည်း ၂၀၂၂ ခုနှစ် ဧပြီလ၏ နိုင်ငံတကာ ကုန်သွယ်ရေး စုစုပေါင်းတွင် ဒေါ်လာတစ်ခုတည်းက ၈၈ ရာခိုင်နှုန်း အထိ လွှမ်းမိုးလျက်ရှိနေကြောင်း တွေ့နေရသေးပါသည်။

**စိုးရိမ်မှုများမှသည် De-dollarization ဆီသို့**

နိုင်ငံအများစုသည် ဒေါ်လာအပေါ်မှီခိုမှု လျှော့ချရန် ကြိုးပမ်းလာကြသည်ကို တွေ့ရပြီး ယင်းမှာ အကြောင်းအရင်းမျိုးစုံအပေါ် အခြေခံလျက်ရှိနေပါသည်။ ကနဦးအချက်မှာ နိုင်ငံတကာအရေးအရာများတွင် အမေရိကန်၏ ပြုမူလှုပ်ရှားမှုများအပေါ် စိတ်မသက်မသာဖြစ်လာခြင်း အထူးသဖြင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့သော အခြေအနေများကြောင့် ဖြစ်သည်။ ရုရှား-ယူကရိန်း ပဋိပက္ခတွင် ရုရှား၏ နိုင်ငံခြားအရန်ငွေများကို ထုတ်မရအောင် ပိတ်ထားခြင်း၊ နိုင်ငံတကာငွေပေးချေစနစ် SWIFT အတွင်းမှ ရုရှားဘဏ်များကို ထုတ်ပယ်ခြင်းစသော ဒဏ်ခတ်ပိတ်ဆို့မှုများသည် ဒေါ်လာအရန်ငွေများစွာ စုဆောင်းထားသည့်နိုင်ငံများ အထူးသဖြင့် တောင်ကမ္ဘာခြမ်းမှ ထွန်းသစ်စစီးပွားရေးအင်အားစုများကို အချက်ပေးသကဲ့သို့ ဖြစ်လာပါသည်။

ဒုတိယအကြောင်းအချက်မှာမူ အမေရိကန်၏ စီးပွားရေးကျင့်စဉ်အချို့ကြောင့် ဒေါ်လာတန်ဖိုးသည် စိတ်ချရသော အနေအထားမရှိသည့်အတွက် နိုင်ငံအတော်များများက စိုးရိမ်မှုမြင့်မားလာကြခြင်း ဖြစ်သည်။ အမေရိကန်၏ ပြည်တွင်းကြွေးမြီမှာ ၃၂ ထရီလီယံဒေါ်လာနီးပါးရှိကာ ၂၀၂၇ ခုနှစ်တွင် ၄၄ ထရီလီယံအထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားစု အမေရိကန်အနေဖြင့် ၎င်း၏ ကြွေးမြီများကို မဆပ်နိုင်လျှင် ၎င်း၏ နိုင်ငံသားများကိုသာမက ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးဈေးကွက်များအပေါ် အကြီးအကျယ် သက်ရောက်မှုရှိလာမည်ဖြစ်သည့်အတွက် အားလုံးက စိုးရိမ်ကြီးစွာ စောင့်ကြည့်နေရပါသည်။

တတိယအချက်မှာမူ ပြည်တွင်းငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန် အမေရိကန် ဗဟိုဘဏ်က မကြာသေးမီကာလအတွင်း အတိုးနှုန်း အဆမတန်မြင့်မားလာခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များကလည်း ၎င်းတို့၏ ငွေကြေးတန်ဖိုးများ မကျဆင်းစေရန်နှင့် အရင်းအနှီးများ ယိုစိမ့်မသွားစေရန် အတိုးနှုန်းများ လိုက်တက်ကြရသည်။ နိုင်ငံတစ်နိုင်ငံ၏ ဗဟိုဘဏ်က အတိုးနှုန်းများ မြင့်တက်သည့်အခါ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအနေဖြင့် ငွေချေးယူရာတွင် ပိုမိုစရိတ်စကများလာစေသည်။ သို့သော် ထိုကဲ့သို့ အတိုးနှုန်းမြင့်မားခြင်းသည် ပြည်တွင်းငွေကြေး တန်ဖိုးကို မြင့်မားစေပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း အကျိုးအမြတ်များစွာ ပိုမိုရရှိနိုင်သည့်အတွက် အတိုးနှုန်းမြင့်မားခြင်းက ရင်းနှီးမြှုပ်နှံမှုများစွာကို ဆွဲဆောင်လာနိုင်သည်။ သို့သော် အတိုးနှုန်းမြင့်မားခြင်းက လုပ်ငန်းရှင်များနှင့် စားသုံးသူများကို သွင်းကုန်များ ဝယ်ယူရာတွင် ပိုမို စရိတ်စက များစေသည်။ ထို့ကြောင့် သွင်းကုန်ဝယ်လိုအား ကျဆင်းလာပြီး ကုန်သွယ်လိုငွေပြမှုကို လျှော့ချနိုင်ကာ အရန်ငွေ ကိုင်ဆောင်ထားနိုင်မှု တိုးပွားလာစေပါသည်။ ထိုအခါ နိုင်ငံများသည် အရန်ငွေကိုင်ဆောင်ရာတွင် ငွေကြေးပေါင်းစုံဖြန့်၍ ကိုင်ဆောင်လာခြင်းဖြင့် ဒေါ်လာကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို လျှော့ချရန် ကြိုးပမ်းခဲ့သည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကိုဗစ်ကပ်အလွန်နှင့် ရုရှား-ယူကရိန်း ပဋိပက္ခရိုက်ခတ်မှုများအကြား ရုန်းကန်နေရပြီး ကုန်သွယ်ရာတွင် နိုင်ငံတကာသုံး ငွေကြေး ဒေါ်လာအစား ပြည်တွင်းငွေကြေးကို သုံးစွဲရန် စိတ်အား ထက်သန်လာခြင်းဖြင့် ၎င်းတို့၏ ငွေကြေး စီးဆင်းမှုကို ထိန်းသိမ်းလာကြပါသည်။

> ❖ **ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း အကျိုးအမြတ်များစွာ ပိုမိုရရှိနိုင်သည့်အတွက် အတိုးနှုန်းမြင့်မားခြင်းက ရင်းနှီးမြှုပ်နှံမှုများစွာကို ဆွဲဆောင်လာနိုင်သည်။ သို့သော် အတိုးနှုန်းမြင့်မားခြင်းက လုပ်ငန်းရှင်များနှင့် စားသုံးသူများကို သွင်းကုန်များ ဝယ်ယူရာတွင် ပိုမို စရိတ်စက များစေသည်။ ထို့ကြောင့် သွင်းကုန်ဝယ်လိုအား ကျဆင်းလာပြီး ကုန်သွယ်လိုငွေပြမှုကို လျှော့ချနိုင်ကာ အရန်ငွေ ကိုင်ဆောင်ထားနိုင်မှု တိုးပွားလာစေပါသည်။ ထိုအခါ နိုင်ငံများသည် အရန်ငွေကိုင်ဆောင်ရာတွင် ငွေကြေးပေါင်းစုံဖြန့်၍ ကိုင်ဆောင်လာခြင်းဖြင့် ဒေါ်လာကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို လျှော့ချရန် ကြိုးပမ်းခဲ့**

**De-dollarization လမ်းကြောင်းပေါ်မှ အာရှနိုင်ငံများ**

ဈေးကွက်အခြေပြုစီမံချက်များမှစ၍ နိုင်ငံခြားငွေသုံးစွဲမှုကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းစသော အစီအမံများစွာဖြင့် ဒေါ်လာကို ဖယ်ရှားရန် ကြိုးပမ်းမှုများစွာ ရှိလာပါသည်။ အာရှတိုက်တွင် အသုံးအများဆုံး နည်းလမ်းမှာ ပြည်တွင်းငွေကြေးသုံးကုန်သွယ်မှု (local currency trade-LCT) ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ ၆၀ သည်လည်း ၎င်းတို့၏ သက်ဆိုင်ရာငွေကြေးများဖြင့် ရောင်းဝယ်ဖောက်ကားလျက် ရှိနေပါသည်။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အကြား ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့သော ရူပီးငွေကြေးသုံး ကုန်သွယ်ရေးသဘောတူညီချက်သည် LCT ၏ သာဓကတစ်ခု ဖြစ်ပါသည်။ ယင်းသဘောတူညီချက်အရ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်လုပ်ငန်းရှင်များအနေဖြင့် ဒေါ်လာအစား အိန္ဒိယရူပီးဖြင့် ကုန်သွယ်ရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်တာကာ ငွေကြေးကိုလည်း အသုံးပြုသွားမည် ဖြစ်ပါသည်။ အာဆီယံအဖွဲ့ကြီးသည်လည်း LCT ကို တွင်တွင်ကျယ်ကျယ် လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပသော (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်များက ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်ဆောင်ရွက်ရန်နှင့် LCT ကို အသုံးပြုရန် သဘောတူညီခဲ့ကြပါသည်။

ယင်းအရွေ့သည် အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရာတွင် ဒေါ်လာအသုံးပြုခြင်း အစဉ်အလာကို ချိုးဖျက်နိုင်မည် ဖြစ်သကဲ့သို့ LCT မှ တစ်ဆင့် ဒေသတွင်း ကုန်သွယ်မှုတိုးမြင့်လာခြင်း၊ ဘဏ္ဍာရေးပေါင်းစည်းမှုကို နက်ရှိုင်းလာစေခြင်း၊ ငွေကြေးတည်ငြိမ်မှုရှိပြီး အကျပ်အတည်းကာလများတွင်လည်း ခံနိုင်ရည်ရှိလာစေခြင်း စသော အကျိုးကျေးဇူးများ ဖြစ်ထွန်းအောင်မြင်လာနိုင်ပါသည်။

အာရှတိုက်အနေဖြင့် IMF နှင့် ဒေါ်လာအပေါ် မှီခိုမှုများကို လျှော့ချနိုင်ရေး မျှော်တွေးလျက် တရုတ်နှင့် မလေးရှားတို့ကလည်း အာရှငွေကြေးရန်ပုံငွေအဖွဲ့ (AMF) ကို တည်ထောင်ရန် အဆိုပြုခဲ့ကြပါသည်။ AMF သည် အာရှစီးပွားရေးလုပ်ငန်းများတွင် ပြည်တွင်းသုံးငွေကြေးများကို အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးအကျပ်အတည်းများကို ရှောင်ရှားနိုင်ရေး ရည်ရွယ်ပါသည်။ AMF နှင့် အလားတူ The Chiang Mai Initiative Multilateralization (CMIM) ကို ၂၀၀၀ ပြည့်နှစ်ကတည်းက ဖွဲ့စည်းပြီးဖြစ်သော်လည်း အကျပ်အတည်းများကို ဖြေရှင်းနိုင်ရေး ကုစားမရခဲ့ပါ။

အင်ဒိုနီးရှားနိုင်ငံက အာရှ၏ အမေရိကန်ဒေါ်လာအပေါ် မှီခိုနေရမှုကို လျှော့ချရေး AMF ကို ဖန်တီးရန် စိတ်ကူးကို သတိကြီးစွာ တုံ့ပြန်ခဲ့သည်။ အင်ဒိုနီးရှားက ဒေါ်လာသုံးစွဲမှုလျှော့ချရေး တင်းကျပ်သည့်မူဝါဒများ ချမှတ်ပြီး ပြည်တွင်းငွေကြေးဖြင့်သာ ပေးချေခြင်း (Local Currency Settlements- LCS) ကို အသုံးပြုရန် စတင်ခဲ့သည်။ LCS သည် ကုန်သွယ်ဖက်နိုင်ငံများကို ပေးချေရာတွင် သက်ဆိုင်ရာနိုင်ငံသုံးငွေကြေးကို အသုံးပြုခြင်းကို ဆိုလိုသည်။ (ယင်းမှာ LCT နှင့် သဘောတရားချင်း ဆင်တူပါသည်။) De- dollarization နှင့်ပတ်သက်၍ အာရှ၏ နောက်ထပ်ကြိုးပမ်းမှုတစ်ခုမှာ အရန်ငွေကြေး အသစ်တစ်ခုဖန်တီးခြင်း ဖြစ်ပါသည်။ အထူးသဖြင့် BRICS အဖွဲ့ဝင်လည်း ဖြစ်သလို အာရှ၏ အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့သည် ငွေကြေးအသစ်တစ်ခု ဖန်တီးပြီး နိုင်ငံတကာကုန်သွယ်ရေးတွင် ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချရန် နှစ်ပေါင်းများစွာ ကြိုးပမ်းလျက်ရှိနေပါသည်။

**ဒေါ်လာအသုံးပြုမှုလျှော့ချရန် ကြိုးပမ်းလာသော အာဆီယံ**

အာဆီယံနိုင်ငံများသည် အမေရိကန်အပါအဝင် အခြားသောဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ဒေါ်လာကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေရပါသည်။ ယင်းမှာ အီးယူကဲ့သို့ ဒေသတွင်းသုံး ဘုံငွေကြေးမရှိနေခြင်းကြောင့်ဖြစ်ပြီး ထို့ကြောင့်လည်း ကုန်ဈေးနှုန်းအတက်အကျများမှာ ဒေါ်လာငွေကြေးနှင့် အများဆုံးသက်ဆိုင်နေပါသည်။ (၄၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဗဟိုဘဏ်အကြီးအကဲများနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲများ တွေ့ဆုံကြပြီး ငွေကြေးဖလှယ်ရာတွင် ဒေါ်လာ၊ ယူရို၊ ယန်း၊ ပေါင်ငွေကြေးတို့အား လျှော့သုံးပြီး ပြည်တွင်းသုံးငွေကြေးများဖြင့် ဖလှယ် အသုံးပြုနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲမှတစ်ဆင့် ဒေသတွင်း ကုန်သွယ်ရေးကိစ္စရပ်များတွင် ပြည်တွင်းငွေကြေးများကို အသုံးပြုရန် တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ ထို့ပြင် အာဆီယံ ဒေသသုံးငွေကြေးမူဘောင် ဖွဲ့စည်းတည်ထောင်ရာတွင် စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ အာဆီယံသည် ဒေသတွင်း ကုန်သွယ်ရာတွင် အဆင်ပြေချောမွေ့စေရန် ဒစ်ဂျစ်တယ်ငွေပေးချေစနစ်ကို ကျင့်သုံးရန်လည်း ကြိုးပမ်းလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်ကတည်းက ထိုင်းဘဏ်နှင့် မလေးရှားဘဏ်တို့သည် ၎င်းတို့၏ သက်ဆိုင်ရာငွေကြေးများဖြင့် တိုက်ရိုက်ပေးချေရန် သဘောတူညီခဲ့ကြပြီး ၂၀၁၇ ခုနှစ်ရောက်သည့်အခါ အင်ဒိုနီးရှားဘဏ်သည်လည်း ယင်းလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာခဲ့ပါသည်။

အာဆီယံထိပ်သီးညီလာခံ ကျင်းပချိန်မှစ၍ မလေးရှားသည်လည်း De-dollarization ကို ဆောင်ရွက်ရန် တက်တက်ကြွကြွ ပါဝင်လာခဲ့သည်။ ၂၀၂၃ ခုနှစ်မတ်လ ၃၁ ရက်နေ့က မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က တရုတ်သမ္မတရှီနှင့် ပေကျင်းတွင် တွေ့ဆုံခဲ့ကြပြီး ဒေါ်လာ၏ လွှမ်းမိုးမှုကို လျှော့ချရန်နှင့် အာရှငွေကြေးရန်ပုံငွေအဖွဲ့ကို ဖန်တီးရန် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ အာရှဒေသတွင်း ငွေကြေးအသုံးပြုမှုမှာ နည်းပါးသေးသော်လည်း ဈေးကွက်ကို အရှိန်မြှင့်စေသည့် အကြောင်းအချက်များနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တဖြည်းဖြည်းအရှိန် မြင့်တက်လာခဲ့ပါသည်။ ယင်းတိုးတက်မှုသည် ဒေသတွင်း အသေးစား၊ အလတ်စားလုပ်ငန်းများကို ဖွံ့ဖြိုးစေသည်သာမက ငွေလဲလှယ်နှုန်းကြောင့် ဖြစ်ပေါ်စေမည့်အန္တရာယ်များကိုလည်း လျှော့ချပေးနိုင်ပါသည်။

အင်ဒိုနီးရှားအပါအဝင် အာရှနိုင်ငံများနှင့် အခြားသော ကမ္ဘာ့နိုင်ငံအများစု၏ ဒေါ်လာကို ဖယ်ရှားရန်ကြိုးပမ်းခြင်း လှုပ်ရှားမှုများကြောင့်လည်း ကမ္ဘာ့အရန်ငွေကြေးစုဆောင်းမှု သတ်မှတ်ချက်များတွင် ဒေါ်လာသည် ယခင်ကထက် သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရသည်။ IMF အရ ၂၀၀၀ မှ ၂၀၂၂ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာသည် ကမ္ဘာ့အရန်ငွေကြေးဈေးကွက်တွင် ယခင်က ၇၁ ဒသမ ၁၄ ရာခိုင်နှုန်းခန့် နေရာယူထားရာမှ ၅၈ ဒသမ ၃၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည့်အတွက် ၁၃ ရာခိုင်နှုန်းလောက် လျော့ကျသွားကြောင်း တွေ့ရသည်။

**အာဆီယံဒေသတွင်း ငွေပေးချေစနစ်အပြောင်းအလဲ**

အာဆီယံသည် ဒေသတွင်း ငွေပေးချေမှုနှင့် ပတ်သက်၍ QR code စနစ်ကို အသုံးပြုပြီး လျင်မြန်ထိရောက်စွာပေးချေနိုင်ရန် ဆောင်ရွက်နေသည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်း ဗဟိုဘဏ်တို့သည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ပေးချေရာတွင် QR code စနစ်ကို အသုံးပြုခြင်းဖြင့် ဒေသတွင်းရှိ စားသုံးသူနှင့် MSME လုပ်ငန်းရှင်များ ပိုမိုပါဝင်လာအောင် တွန်းအားဖြစ်စေပါသည်။

*စာမျက်နှာ ၁၁ သို့*

# လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာ ရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများ ရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။



## ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက်က တောင်ဘက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(တောင်ဘက်-၂)၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်သီသီဆိုင်က ကျောင်းသား ကျောင်းသူများအား အား/ကာသိပ္ပံတက်ရောက်နိုင်ရေးအကြောင်းအရာများ၊ ပြန်ကြားရေးနှင့် မြို့နယ်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဲစုအောင်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မက်မန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ အသိပညာဗဟုသုတတိုးပွားရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ရေးရာစာအုပ်ပြပွဲကို နိုဝင်ဘာ ၁၄ ရက်က မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြသခဲ့သည်။

အဆိုပါပြပွဲတွင် လူငယ်များ အသိပညာဗဟုသုတရရှိစေရေးအတွက် အထွေထွေဗဟုသုတစာအုပ်များ၊ သင်ထောက်ကူစာအုပ်များ၊ ပုံပြင်စာအုပ်များ၊ ရုပ်ပြစာအုပ်များ၊ မွေးမြူရေးဆိုင်ရာစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ ပြည်သူ့နီတိစာအုပ်များ၊ တက်ကျမ်းစာအုပ်များ၊ စာရေးဆရာပီမိုးနင်း၏စာအုပ်များ၊ စာရေးဆရာ အောင်သင်း၏စာအုပ်များ၊ တိုင်းရင်းသားရိုးရာစာအုပ်များ၊ ယဉ်ကျေး လိမ္မာစာအုပ်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောဥမ္မာ(ပြန်/ဆက်)**



## ပြည်

ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၄ ရက်က ပြည်မြို့ အထက(ခွဲ)အလက(၂)ကျောင်း၌ လူငယ်အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ကိုသန့်က လူငယ်နှင့် အနာဂတ်ရည်မှန်းချက်ခေါင်းစဉ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်မြို့နယ်တာဝန်ခံ ဦးထွန်းနိုင်လင်းက စားသုံးသူကာကွယ်ရေးဆိုင်ရာ ဗဟုသုတအကြောင်းများကို ပြောကြားပြီး အဆိုပါကျောင်းမှ Grade-10 ကျောင်းသား ကျောင်းသူ ၅၄ ဦးအား လူငယ်အသိပညာပေးဟောပြောသည်။

**ကိုဆက်(ပြန်/ဆက်)**

## ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ လူငယ်ရေးရာကော်မတီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုသရေးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၁၃ ရက်က အမက ညောင်ဝိုင်းနှင့် အမက နပ်တန်းကျောင်းများ၌ ကျင်းပသည်။

အခမ်းအနားတွင် အမက(ညောင်ဝိုင်း)မှ ကျောင်းအုပ် ဆရာမကြီးနှင့် အမက( နပ်တန်း )မှ ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေးဟောပြာပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး အသိပညာပေးအကြောင်းအရာများကို ဟောပြောသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ (Cross-border payments) နှင့် ပတ်သက်၍ သဘောတူညီချက် ချမှတ်နိုင်ခဲ့သည်။ ထို့ကြောင့် အာဆီယံနိုင်ငံများသည် ပြည်တွင်းငွေကြေးများကို အသုံးပြုပြီး ငွေပေးချေနိုင်ပြီဖြစ်ပါသည်။ ယင်းသဘောတူညီချက်အရ ဗဟိုဘဏ်အသီးသီးသည် ပြည်တွင်းငွေကြေးများကို တရားဝင်အသုံးပြုသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ငွေကြေးလဲလှယ်နှုန်းများအပေါ် မူတည်၍ တန်ဖိုးများပြောင်းလဲသတ်မှတ်သွားမည် ဖြစ်ပါသည်။

နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ်များကို အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ ခံနိုင်ရည်များ တိုးမြင့်လာမည်ဖြစ်သလို ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရာတွင် ပြည်တွင်း ငွေကြေးအသုံးပြုမှု အားကောင်းလာစေမည် ဖြစ်ပါသည်။ ထို့ပြင် ရေရှည်တွင်လည်း အာဆီယံသည် ဒေါ်လာအပေါ်မှီတည်၍ ငွေကြေးလဲလှယ်နှုန်း အပြောင်းအလဲ အတက်အကျများ နည်းပါးလာပြီး ငွေကြေးတည်ငြိမ်မှုရှိလာမည် ဖြစ်ပါသည်။ ဤသို့အားဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံများအကြား ပိုမိုစုစည်းလာကာ ကမ္ဘာ့အလယ်တွင် ရေရှည်တည်တံ့ခိုင်မာသော ဒေသတွင်း စီးပွားရေးအင်အားစု တစ်ခုအနေဖြင့် ရပ်တည်လာနိုင်မည် ဖြစ်ပါသည်။

**အားသာချက်၊ အားနည်းချက်များနှင့် De-dollarization**

နိုင်ငံအများစုသည် De-dollarization ကို အကောင်အထည်ဖော်သည့် အခြေခံအဆင့်တွင်သာရှိသေးပြီး လေ့လာရမည့် နယ်ပယ်များစွာ ကျန်ရှိနေပါသည်။ သို့သော် De-dollarization နှင့် ပတ်သက်၍ အတိတ်သင်ခန်းစာများကို နမူနာယူပြီး

> ○ **နိုင်ငံများသည် ကုန်သွယ်ရေးဆောင်ရွက်ရာတွင် ငွေကြေးများကို ထပ်တလဲလဲ လဲလှယ်စရာမလိုဘဲ ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးများဖြင့် တိုက်ရိုက်ကုန်သွယ်နိုင်သည်။ ထို့ပြင် ဒေါ်လာအပေါ် မှီခိုမှုလျှော့ချခြင်းဖြင့် နိုင်ငံများသည် စီးပွားရေးအရ ပိုမိုလွတ်လပ်စွာ လှုပ်ရှားလာနိုင်ကြသည်။ အမေရိကန် စီးပွားရေးတည်ငြိမ်မှု ရှိ/မရှိနှင့် မသက်ဆိုင်တော့ဘဲ နိုင်ငံများသည် စီးပွားရေးအကျပ်အတည်းများကို လျှော့ချလာနိုင်သလို ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်လာနိုင်**

၎င်း၏ အားသာချက်၊ အားနည်းချက်များကို သိရှိလေ့လာနိုင်ပါသည်။ De-dollarization သည် မက်ခရိုနှင့် မိုက်ခရိုစီးပွားရေးစနစ်များကို ပေါင်းစပ်ထားပြီး အရောင်းအဝယ်လုပ်ငန်းများတွင် ဒေသတွင်းငွေကြေးများကို ပိုမိုအသုံးပြုနိုင်ရန် တွန်းအားဖြစ်သကဲ့သို့ ဒေါ်လာအပေါ် မှီခိုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များနှင့် ပတ်သက်၍လည်း သတိပြုမိလာစေပါသည်။

နိုင်ငံများသည် ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် ငွေကြေးများကို ထပ်တလဲလဲ လဲလှယ်စရာမလိုဘဲ ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးများဖြင့် တိုက်ရိုက်ကုန်သွယ်နိုင်သည်။ ထို့ပြင် ဒေါ်လာအပေါ်မှီခိုမှုလျှော့ချခြင်းဖြင့် နိုင်ငံများသည် စီးပွားရေးအရ ပိုမိုလွတ်လပ်စွာ လှုပ်ရှားလာနိုင်ကြသည်။ အမေရိကန်စီးပွားရေးတည်ငြိမ်မှု ရှိ/ မရှိနှင့် မသက်ဆိုင်တော့ဘဲ နိုင်ငံများသည် စီးပွားရေးအကျပ်အတည်းများကို လျှော့ချလာနိုင်သလို ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်လာနိုင်သည်။

အားနည်းချက်များအနေဖြင့် ဒေါ်လာဖယ်ရှားခြင်းဖြစ်စဉ်ကို ရုတ်ခြည်းဆောင်ရွက်ပါက ကမ္ဘာ့စီးပွားရေးတွင် အပြောင်းအလဲများ ဖြစ်ပေါ်စေပြီး စီးပွားရေးမတည်ငြိမ်မှုကိုလည်း ဖြစ်ပွားစေနိုင်ပါသည်။ အထူးသဖြင့် De-dollarization ဖြစ်စဉ်အစတွင် နိုင်ငံများသည် ငွေကြေးလဲလှယ်နှုန်း အတက်အကျကိုမကြာခဏ ကြုံတွေ့ရမည်ဖြစ်သည်။ အကြောင်းမှာ ဒေါ်လာသည် နှစ်ပေါင်းများစွာတိုင် ကုန်သွယ်ရေးတွင် လွှမ်းမိုးထားလျက်ရှိရာ ဒေါ်လာကိုဖယ်ရှားပစ်ရန်မှာ အနည်းနှင့်အများ ရိုက်ခတ်မှုများရှိလာနိုင်ပါသည်။ အခြားနိုင်ငံများအနေဖြင့် ဒေါ်လာကိုအစားထိုးရန် ငွေကြေးအသစ်တစ်ခု ဖန်တီးမည်ဆိုလျှင်တောင် ကမ္ဘာ့ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအနှီး စီးဆင်းမှုများကို ကြီးမားစွာ ထိခိုက်လာစေမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းအနေဖြင့်လည်း ငွေကြေးအသစ်တစ်ခုကို လက်ခံကျင့်သုံးရန်မှာ မရေရာသည့်ကိစ္စ ဖြစ်ပါသည်။ ဥပမာအနေဖြင့် တရုတ်သည် ယခင်က Petrodollar ကို တုံ့ပြန်ရန် Petroyuan ကို တည်ထောင်ခဲ့ဖူးသော်လည်း နိုင်ငံအချို့က ပိုနေမြဲကျားနေမြဲ အခြေအနေတွင်သာ နေထိုင်လိုပြီး ပြောင်းလဲမှုအသစ်များကိုမူ မလိုလားခဲ့ကြပေ။

အချုပ်အားဖြင့်ဆိုရသော် De-dollarization သည် ကမ္ဘာ့စီးပွားရေးတွင် အချိန်နှင့်အမျှ တိုးတက်နေဆဲ ဖြစ်စဉ်တစ်ခုဖြစ်သည်။ နိုင်ငံအများစုသည် ဒေါ်လာ၏လွှမ်းမိုးမှုမှ ကင်းလွတ်ရန်၊ ဒေါ်လာကြောင့် ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို လျှော့ချရန် ကြိုးပမ်းရှာဖွေလျက် ရှိနေကြသည်။ ထင်ရှားသည့် လတ်တလောသာဓကများမှာ ရုရှားနိုင်ငံသည် ၎င်း၏ ရူဘယ်ငွေကို ရွှေနှင့် အာမခံသည့်ငွေကြေးစနစ်ကို ထူထောင်လိုက်ပြီ ဖြစ်ပါသည်။

မိမိနိုင်ငံအနေဖြင့်လည်း ရွှေစုချိန်တန်ပြီဖြစ်ကြောင်း ပညာရှင်များ၏ အကြံပြုချက်များကို မကြာခဏ ကြားသိနေရပါသည်။ မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် De-dollarization ဖြစ်စဉ်စဉ်ဆက်မပြတ် အောင်မြင်သွားရန်နှင့် ပြည်တွင်းသုံးငွေကြေးများ ဒေါ်လာကဲ့သို့ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ De-dollarization ၏ အနာဂတ်သည် မသေချာ မရေရာသေးသော်လည်း ယင်းအတွက် ကြိုးပမ်းမှုများကိုမူ ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ပါသောကြောင့် နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

The State of De-dollarization in Asia and Indonesia

ASEAN to Increase Local Currency Trade, Reducing Reliance on the US Dollar

What is meant by de-dollarization?

# အီသီယိုးပီးယားအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၊ အိမ်ထောင်စုပေါင်း ၁၂၀၀၀ ခန့် ပြောင်းရွှေ့

အဒစ်အဘာဘာ နိုဝင်ဘာ ၁၄

**အီသီယိုးပီးယား အရှေ့ပိုင်းဒေသဖြစ်သော ဆိုမာလီတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် အိမ်ထောင်စု ၁၂၀၀၀ ခန့် ပြောင်းရွှေ့ခဲ့ရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က မကြာသေးမီက ကြေညာလိုက်သည်။**

အရှေ့အာဖရိက ရာသီဥတု သုံးသပ်ချက်တွင် ကုလသမဂ္ဂအေဂျင်စီတစ်ခုဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လျှပ်တစ်ပြက် ရေကြီးခြင်းဖြစ်ပွားခဲ့ရာ လူ ၂၀ ခန့် သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် အဆိုပါဒေသတွင် လူပေါင်းထောင်ချီ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ပြီးဖြစ်သည်။

ထို့အပြင် အီသီယိုးပီးယား အရှေ့ပိုင်းတွင် မိုသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လမ်းနှင့် တံတားများလည်း ပျက်စီးခဲ့ကြောင်းနှင့် ထိုသို့ ပျက်စီးခဲ့သောကြောင့် ဒုက္ခသည်ကူညီထောက်ပံ့ရေး ပစ္စည်းများပေးပို့ခြင်းတွင် အဟန့်အတားဖြစ်နေကြောင်း၊ ထို့အပြင် မွေးမြူရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများလည်း များစွာနစ်နာဆုံးရှုံးခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ပြောသည်။

စက်တင်ဘာနှောင်းပိုင်းတွင် အီသီယိုးပီးယား တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လူပေါင်း ၄၀၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ကြောင်း၊ ထို့အပြင် အီသီယိုးပီးယား တစ်ဝန်း ရာသီဥတုအခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်းနှင့် ရေကြီးခြင်းသည် အချိန်တစ်ခုအထိ ကြာသွားနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ဆက်လက်ပြောကြားခဲ့သည်။

အာဖရိကဦးချိုဒေသနိုင်ငံများအဖြစ်တင်စားခေါ်ဝေါ်သော အီသီယိုးပီးယားနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ကင်ညာနှင့် ဆိုမာလီယာနိုင်ငံတို့တွင် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မိုးများ သည်းထန်စွာ ရွာသွန်းမည်ဖြစ်ပြီး လူသန်းပေါင်း များစွာ ရေဘေးဒုက္ခကြုံတွေ့မည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**





# လာအိုနိုင်ငံ၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှု လာအိုခရီးသွားနှစ် ၂၀၂၄ စတင်ပြုလုပ်မည်

**ဗီယင်ကျန်း နိုဝင်ဘာ ၁၄**

လာအိုနိုင်ငံသည် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှု လာအိုခရီးသွားနှစ် ၂၀၂၄ ကို လာမည့် နိုဝင်ဘာ ၂၃ ရက်တွင် စတင်ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ အဆိုပါလှုပ်ရှားမှုသည် လာအိုနိုင်ငံ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော That Luang ပွဲတော်နှင့် တိုက်ဆိုင်နေကြောင်း သိရသည်။

လာအိုပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဗီနာခက်သ်က နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားရာတွင် တစ်နှစ်တာ လာအိုခရီးသွားနှစ်၏ ဆောင်ပုဒ်မှာ 'လာအိုယဉ်ကျေးမှု၊ သဘာဝနှင့် သမိုင်းတို့၏ သုခဘုံ' ဟူ၍ဖြစ်ပြီး ဆင်ကို ၎င်းတို့၏ လာဘ်ကောင်အဖြစ် ရွေးချယ်ထားသည်။

လာအိုခရီးသွားနှစ် ၂၀၂၄ သည် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ကုန်ပစ္စည်းအသစ်များနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ထားသည်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုတွင် လှုပ်ရှားမှု ၇၉ ခု ပါဝင်မည်ဖြစ်ကြောင်း၊ လာအိုအစိုးရအနေဖြင့် နိုင်ငံတကာနှင့် လာအိုခရီးသွား ၄ ဒသမ ၆ သန်း ထက်မနည်းကို ဆွဲဆောင်သွားရန်နှင့် ၎င်းတို့ထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၁၂ သန်း ရရှိရန် မျှော်လင့်ထားသည်။

ယခုနှစ် ပထမ ကိုးလအတွင်း နိုင်ငံတကာ ခရီးသွား ၂ ဒသမ ၄ သန်း လာအိုနိုင်ငံသို့ ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၈၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ကိုဗစ်ကာလနောက်ပိုင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိလာ

**ကင်ဘာရာ နိုဝင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ဝင်ရောက်မှု အရေအတွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီး နောက်ပိုင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိလာကြောင်း နိုင်ငံတကာ သတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

ဩစတြေးလျ စာရင်းအင်းဗျူရို (အေဘီအက်စ်) ၏ နိုဝင်ဘာ ၁၄ ရက်က ထုတ်ပြန်သော အချက်အလက်များအရ အောက်တိုဘာလတွင် နိုင်ငံရပ်ခြားမှ ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာသူ အရေအတွက်မှာ ၁ ဒသမ ၇၄ သန်းရှိပြီး စက်တင်ဘာလကထက် မြင့်တက်လာသည်။

အဆိုပါ အရေအတွက်မှာ ၂၀၂၂ ခုနှစ်က ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာသော ခရီးသွား အရေအတွက်ထက် ၄၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် နောက်ပိုင်း ခရီးသွားဝင်ရောက်မှု အမြင့်ဆုံးလည်းဖြစ်သည်။

စက်တင်ဘာလတွင်ဩစတြေးလျနိုင်ငံသို့ နိုင်ငံရပ်ခြားမှ ဝင်ရောက်သူ အရေအတွက်မှာ နယူးဇီလန်နိုင်ငံက အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က အများဆုံးဖြစ်သည်။

**ဆင်ဟွာ**

## အစ္စရေး - ပါလက်စတိုင်းပဋိပက္ခအတွင်း သေဆုံးသူ ၁၂၅၀၀ နီးပါးရှိ

**ဂါဇာ နိုဝင်ဘာ ၁၄**

ဂါဇာကမ်းမြောင်ဒေသတွင် အောက်တိုဘာ ၇ ရက်ကတည်းက အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၁၁၂၄၀ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဟားမားစ်အစိုးရမီဒီယာက နိုဝင်ဘာ ၁၃ ရက်က ပြောကြားလိုက်သည်။

**သေဆုံးသူများထဲတွင် အမျိုးသမီး ၃၁၃၀ ပါဝင်**

ဂါဇာရှိ အယ်လ်ရှီဖာ ဆေးဘက်ဆိုင်ရာ အဆောက်အအုံ၌ ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အစိုးရမီဒီယာရုံး ညွှန်ကြားရေးမှူးချုပ် အစ္စမေးလ်သာဝက်ဘ်တာက သေဆုံးသူများထဲတွင် အမျိုးသမီး ၃၁၃၀ နှင့် ကလေးငယ် ၄၆၃၀ ပါဝင်ကြောင်းနှင့် ဒဏ်ရာရရှိသူ ၂၈၀၀၀ ရှိကြောင်း ပြောကြားခဲ့သည်။

**အစ္စရေးဘက်မှ ၁၂၀၀ ကျော် သေဆုံး**

ထို့အပြင် အစ္စရေးတို့၏ စီးနင်းတိုက်ခိုက်မှုအတွင်း ဂါဇာကမ်းမြောင်ဒေသရှိ အိုးအိမ် ၄၁၁၂၀၊ အစိုးရဌာနချုပ် ၈၄ ခု၊ ကျောင်း ၂၅၃ ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၇၄ လုံး ထိခိုက်ပျက်စီးခဲ့သည်။ အစ္စရေး - ဟားမားစ်တို့၏ ပဋိပက္ခအတွင်း အစ္စရေးဘက်မှ ၁၂၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်း အစ္စရေး အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**



# နှစ်လအတွင်း အာဖဂန်သို့ နေရပ်ပြန်သူပေါင်း လေးသိန်းကျော်ရှိလာ

**ကဘူးလ် နိုဝင်ဘာ ၁၄**

အာဖဂန်ဒုက္ခသည် ၅၅၀၀ ကျော်သည် နိုဝင်ဘာ ၁၃ ရက်တွင် နေရပ်ပြန်လာကြကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ရေးရာဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**လိုအပ်သောအကူအညီပံ့ပိုး**

အဆိုပါ ထုတ်ပြန်ချက်တွင် ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ တော့ခ်ဟမ်းနှင့် စပင်းဘိုးလ်ဒါခ် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် ဒုက္ခသည်ပေါင်း ၅၆၄၀ ရှိကြောင်း ဖော်ပြထားသည်။ အဆိုပါနေရပ်ပြန်သူများအား လိုအပ်သောအကူအညီများ ပံ့ပိုးပေးထားကြောင်း သိရသည်။

**၃၀၀၀ ကျော် နေရပ်ပြန်**

အလားတူ နိုဝင်ဘာ ၁၃ ရက်တွင် အီရန်မှ အာဖဂန်ဒုက္ခသည်ပေါင်း ၃၀၀၀ ကျော် နေရပ်ပြန်လာကြကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။ ပါကစ္စတန်နိုင်ငံတွင် နေထိုင်သော အာဖဂန်ဒုက္ခသည်ပေါင်း ၂ ဒသမ ၅ သန်းရှိကြောင်း၊ ထို့အပြင် အီရန်နိုင်ငံတွင်လည်း ၂ ဒသမ ၅ သန်းရှိသည်ဟု ဆိုသည်။

ဒေသတွင်း မီဒီယာများ၏ ထုတ်ပြန်ချက်များအရ လွန်ခဲ့သည့် နှစ်လအတွင်း နေရပ်ပြန်သည့် အာဖဂန်ဒုက္ခသည်ပေါင်း ၄၀၀၀၀၀ ကျော်ရှိသည်။

**ဆင်ဟွာ**

# ရန်ကုန် - မန္တလေးရထားလမ်းပိုင်းအတွင်း ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင်အမှတ်၊ ၈၅/၁ - ၂အကြား တံတားအမှတ်(၁၁၆/A)အနီးရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရန်ကုန် - မန္တလေး ရထားလမ်းမကြီး၏ ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင် ၈၅/၁-၂ ရှိ တံတားအမှတ် (၁၁၆/A) အနီး အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားအစွန်ကွန်ကရစ်ခုံ သုံးပေ ပတ်လည်ခန့် ပျက်စီးခဲ့ပြီး စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်ခဲ့ရာ တံတားပေါ် သံလမ်းနှစ်ခုအကြား ပလတ်စတစ်ကော်ပုံးနှင့်ထည့်ထားသည့် လက်လုပ်မိုင်း သုံးလုံးနှင့် တံတားအောက်တွင် လက်လုပ်မိုင်း လေးလုံးအား တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မိုင်းဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသမှ တာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်း စစ်ဆေးခြင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများကလည်း ပျက်စီးသွားသောရထားလမ်းအား ပြန်လည်မွမ်းမံပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရထားသွားလာမှုကို ထိခိုက်မှုမရှိသော အစုန်လမ်းမှ ဆက်လက်စေလွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင် မိုင်းခွဲ/တွေ့ရှိခြင်း ၁၂၈ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။




ဒိုက်ဦး-ပြွန်တန်ဆာဘူတာအကြား တံတားအမှတ်(၁၁၆/A) ကို မိုင်းထောင်ဖောက်ခွဲရန် တပ်ဆင်ထားသော ယမ်းကြိုး၊ ဆက်စပ်ပစ္စည်းများနှင့် ယမ်းများ ထည့်သွင်းထားသည့် ပလတ်စတစ်ပုံး ခုနစ်ပုံးတွေ့ရှိရမှု။

နိုင်ငံတော်အစိုးရ အနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့်ခရီးသည်များ၊ ကုန်စည်များထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့်ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒိုက်ဦး -ပြွန်တန်ဆာဘူတာအကြား တံတားအမှတ် (၁၁၆/A) ကို ဖောက်ခွဲဖျက်ဆီး၍ မိုင်းထောင်ထားမှု။



ဒိုက်ဦး-ပြွန်တန်ဆာဘူတာအကြား တံတားအမှတ်(၁၁၆/A)အပေါ် ရထားသံလမ်း နှစ်ခုအကြား၌ တွေ့ရှိရသည့် မိုင်းထောင်ထားရှိမှု။



ဒိုက်ဦး -ပြွန်တန်ဆာဘူတာအကြား မိုင်းထောင်ဖောက်ခွဲခံထားရမှုကြောင့် တံတားအမှတ်(၁၁၆/A)၏ WING WALL ကွန်ကရစ်ခုံ ထိခိုက်ပျက်စီးမှု။

---

*✻ ကျော်ဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ဂျပန်အသင်းနှင့်ပွဲအတွက် ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားပြီး အမာခံကစားသမားအများစု ရွေးချယ်ခံခဲ့ရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး ဂျပန်အသင်းနှင့်ပွဲမတိုင်မီ ဂျပန်နိုင်ငံ၌ ပြင်ဆင်ချိန် နှစ်ရက်ရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ Panasonic Stadium Suita (OSAKA)၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာအသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းကစားပြီးပါက နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်းထပ်မံကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

---

*❒ ကျော်ဖုံးမှ*

ယခုပွဲစဉ်တွင် မဖြစ်မနေ နိုင်ပွဲရရှိရန် ကြိုးပမ်းအားထုတ်မှုကြောင့် နယူးကာလီဒိုးနီးယားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် နယူးကာလီဒိုးနီးယားအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့် တွေ့ဆုံခဲ့ပြီး ၁၀ ဂိုးပြတ်ရှုံးနိမ့်ထားသည်။

ထို့ကြောင့် နယူးကာလီဒိုးနီးယားအသင်းသည် အုပ်စုပွဲစဉ် နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးသည်အထိ နိုင်ပွဲမရရှိသေးဘဲ နှစ်ပွဲစလုံး ဂိုးပြတ်ရှုံးနိမ့်ထားပြီး နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် မေးမှိန်ခဲ့ရပြီ ဖြစ်သည်။

ဘရာဇီးအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အုပ်စုပွဲစဉ် (၂)အပြီးတွင် အမှတ်ပေးဇယားကို အင်္ဂလန်အသင်းက ရမှတ် ခြောက်မှတ်ဖြင့် ဦးဆောင်ထားပြီး ဘရာဇီးအသင်းက အီရန်အသင်းနှင့် ရမှတ် သုံးမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

ယူ - ၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) မှ အခြားသောပွဲစဉ်ရလဒ်များတွင် အင်္ဂလန်က အီရန်ကို နှစ်ဂိုး- တစ်ဂိုး၊ ဆီနီဂေါက ပိုလန်ကို လေးဂိုး - တစ်ဂိုး၊ အာဂျင်တီးနားက ဂျပန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

---

## နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အမျိုးသားအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာယူ-၁၉အမျိုးသားဘောလုံးအသင်းသည် ၂၀၂၄ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် စတင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၄ ခုနှစ်တွင် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်ကာလ ဝေးသေးသော်လည်း လေ့ကျင့်ပြင်ဆင်ချိန်ပိုမိုရရှိစေရန် အချိန်ယူလေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ ယူ - ၁၉ အသင်းသည် အောက်တိုဘာတွင် စတင်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာတတိယပတ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ပြိုင်ပွဲမှ ခြေစွမ်းပြနေသူများဖြင့် ဖွဲ့စည်းထားသည့်အသင်းနှင့် လူရွေးပွဲကစားပြီးနောက် ကစားသမား ၃၁ ဦးဖြင့် ဆက်လက်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဒီဇင်ဘာ တတိယပတ်တွင် ပြီးဆုံးမည့် MNL ပြိုင်ပွဲအပြီးတွင် အသက်မီသည့် ကစားသမားများ ထပ်မံရွေးချယ်မည်ဖြစ်ပြီး ယင်းနောက်ပိုင်းမှသာ ပဏာမကစားသမားများ အတည်ပြုမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရခြင်းမရှိဘဲ ကစားသမားများ အတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ဦးအောင်နိုင်ကို ခန့်အပ်ထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကော်ဖီဈေးကွက်တွင် နာမည်ရရှိနေသည့် Maymyo Purcell (မေမြို့ပါဆယ်) ကော်ဖီလုပ်ငန်း

ဝါဝါလွင်
ဖြူလှုသစ်(ပြန်/ဆက်)

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပြီး တိုင်းပြည်ဝင်ငွေ အများစုကို ဖော်ဆောင်ပေးခြင်းအပြင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းအသစ်များကိုလည်း ဖန်တီးပေးလျက်ရှိသည်။ ထို့ကြောင့် MSME ကဏ္ဍကို မြှင့်တင်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် သယံဇာတ ကုန်ကြမ်းများကို အခြေခံကာ အရည်အသွေးကောင်းမွန်သည့် ကုန်ချော အမယ်အမျိုးမျိုး ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန် နယ်ပယ်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိ

ပြင်ဦးလွင်မြို့သည် တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ကော်ဖီစိုက်ပျိုးထွက်ရှိရာ ဒေသတစ်ခု ဖြစ်သည်။ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိပြီး ပြင်ဦးလွင်ကော်ဖီသည် ပြည်တွင်း ပြည်ပ ကော်ဖီဈေးကွက်အတွင်း နာမည်ရရှိနေပြီဖြစ်ပြီး ပြင်ဦးလွင်မြို့မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးစိုးသိန်း၏ Maymyo Purcell (မေမြို့ပါဆယ်) ကော်ဖီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

လက်ရှိတွင် Maymyo Purcell (မေမြို့ပါဆယ်) အမည်ဖြင့် ပြင်ဦးလွင်ဒေသထွက် နှပ်ကော်ဖီ၊ Pure ကော်ဖီနှင့် ကော်ဖီစေ့များကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ယခုအမည်ဖြင့် မထုတ်လုပ်ခင် ၂၀၁၆၊ ၂၀၁၇ ခုနှစ်ကတည်းကပင် ကောင်းထက် ဆေးဖက်ဝင်စားသောက်ကုန်လုပ်ငန်းအမည်ဖြင့် Pure ကော်ဖီကို စထုတ်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၂၄ ရက်ကစပြီး Maymyo Purcell (မေမြို့ပါဆယ်) အမည်ဖြင့် ပြောင်းလဲမှတ်ပုံတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

Maymyo Purcell (မေမြို့ပါဆယ်) ကော်ဖီကုန်ကြမ်းကို ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များရှိ ကော်ဖီခြံများမှ ကော်ဖီအသီးမှည့်များကို ဝယ်ယူပြီး ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ကုန်ချောအနေဖြင့် မေမြို့ပါဆယ်ကော်ဖီခါးဆိမ့်နှင့် ပုံမှန်ရယ် နှစ်မျိုးထုတ်လုပ်လျက်ရှိပြီး ကော်ဖီမှုန့်၊ ခရင်မ်မာ၊ သကြား စသည်တို့ကို သတ်မှတ်အချိုးအစားအတိုင်းမျှတအောင် ရောစပ်ထုပ်ပိုးပြီး ဈေးကွက်ကို ဂျက်ဖာတစ်ဖာလျှင် ပါကင်ထုပ်ကြီး အထုပ် ၆၀ ထည့်သွင်းဖြန့်ချိလျက်ရှိသည်။

မေမြို့ပါဆယ်ကော်ဖီကို ပြည်တွင်းတွင် ရန်ကုန်၊ ပဲခူး၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်၊ မြဝတီနှင့် တာချီလိတ်မြို့များအထိ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

### တွေ့ကြုံရသည့် အဓိကအခက်အခဲ

မေမြို့ပါဆယ် ကော်ဖီ ထုတ်လုပ်မှုတွင် တွေ့ကြုံရသည့် အဓိကအခက်အခဲမှာ ထုပ်ပိုးမှုစနစ်ပင်ဖြစ်သည်။ “ထုပ်ပိုးစနစ်က ကောင်းဖို့ဆိုရင် ကုန်ကျစရိတ်က တော်တော်များပါတယ်။ ထုပ်ပိုးမှုနဲ့ ပတ်သက်ပြီး နိုင်ငံတော်ပိုင်ရှိရင် ပိုကောင်းပါတယ်။ ကျွန်တော်တို့က ကိုယ့်ရဲ့ထုတ်ကုန်ပစ္စည်းကို ထုပ်ပိုးမှုစနစ်ကောင်းကောင်းနဲ့ ထုတ်ချင်လို့ ပုဂ္ဂလိကပိုင်မှာသွားအပ်ရင် တစ်ရောင်ကို မိုခနှုန်းထားတင် ဒေါ်လာ ၂၀၀ လောက်ရှိပါတယ်။ ခုနစ်ရောင်ဆိုရင် ဒေါ်လာ ၁၄၀၀ ဆို ကျွန်တော်မနိုင်တော့လို့ တရုတ်ဘက်ကို လှမ်းမှာရတယ်။ တရုတ်ဘက်က အရောင်တစ်ရောင်ကို မြန်မာကျပ်ငွေ တစ်သိန်းငါးသောင်းနှုန်းနဲ့ လုပ်ပေးတယ်။ အရောင်ခုနစ်ခုဆိုရင် မြန်မာငွေ ဆယ်သိန်းကျော်ကျော် လောက်ကျတယ်။ တစ်ခါမှာရင် အရေအတွက် အများကြီးမှာရပါတယ်။ တကယ်တမ်းတော့ ကိုယ့်ပြည်တွင်းမှာပဲ လုပ်ချင်ပါတယ်။ အဲဒီအတွက် ကျွန်တော်ဖြစ်စေချင်တာက နိုင်ငံတော်အနေနဲ့ ပါကင်ထုပ်ပိုးတဲ့စနစ်ကို နိုင်ငံခြားကလို ဈေးသက်သက် သာသာနဲ့ လုပ်ပေးနိုင်မယ်ဆိုရင် ပြည်ပထွက်မယ့်ငွေက ပြည်တွင်းမှာ စီးဆင်းနေမှာပဲဖြစ်ပါတယ်” ဟု လုပ်ငန်းရှင် ဦးစိုးသိန်းကပြောသည်။

### သိန်း ၂၀၀၀၀ နီးပါးရှိရန် လိုအပ်

တစ်ပိုင်တစ်နိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းအနေဖြင့် ကော်ဖီလုပ်ငန်းလည်ပတ်မည်ဆိုပါက ကော်ဖီတစ်တန်လျှင် ကျပ်သိန်း ၁၆၀ အနည်းဆုံးရှိကြောင်း၊ တစ်လ ကော်ဖီတစ်တန်နှုန်းဖြင့် တွက်မည်ဆိုပါက တစ်နှစ်အတွက် ကော်ဖီ ၁၂ တန်နှင့် လုပ်ငန်းလည်ပတ်ရန် သိန်း ၂၀၀၀၀ နီးပါးရှိရန် လိုအပ်ကြောင်း သိရသည်။

“တခြား သကြားနဲ့ ခရင်မ်မာတို့က ကြိုက်တဲ့အချိန် ဝယ်လို့ရပေမယ့် ကော်ဖီကတော့ ပေါ်ချိန်မှာ ကြိုတင်ဝယ်ယူ ထားရပါတယ်။ နောက်မှဝယ်ရင် ဈေးပိုတဲ့အတွက် ကော်ဖီကုန်ကြမ်းတွေ ဝယ်ယူနိုင်ဖို့ ချေးငွေတွေလည်း နိုင်ငံတော်က များများချပေးသင့်ပါတယ်။ ဒါမှ စားသုံးသူလက်ထဲကို ဈေးသက်သက်သာသာနဲ့ ပြန်လည်ရောင်းချပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်ရဲ့ ချေးငွေသိန်း ၃၀၀ ရခဲ့ပါတယ်။ ဒီငွေဟာ ကျွန်တော့်လုပ်ငန်းအတွက် ကော်ဖီတံဆိပ်ဖိုး၊ အိတ်ဖိုးနဲ့ ခရင်မ်မီ၊ သကြား ဘက်ပိုရောက်ပြီး ကော်ဖီကုန်ကြမ်း နည်းနည်းပဲ ဝယ်ယူနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ချေးငွေကာလက တစ်နှစ်ပဲဖြစ်တဲ့အတွက် ချေးငွေကာလကို နှစ်နှစ် သို့မဟုတ် သုံးနှစ်ထားပေးစေချင်ပါတယ်။ ဒါမှလုပ်ငန်းလည်ပတ်မှု အရှိန်ရလာစေမှာဖြစ်လို့ ဒီအချက်လေးတွေကို အကြံပြုတင်ပြလိုပါတယ်”ဟု ၎င်းအမြင်ကို ပြောပြသည်။

> “တခြား သကြားနဲ့ ခရင်မ်မာတို့က ကြိုက်တဲ့အချိန် ဝယ်လို့ရပေမယ့် ကော်ဖီကတော့ ပေါ်ချိန်မှာ ကြိုတင်ဝယ်ယူထားရပါတယ်။ နောက်မှဝယ်ရင် ဈေးပိုတဲ့အတွက် ကော်ဖီကုန်ကြမ်းတွေ ဝယ်ယူနိုင်ဖို့ ချေးငွေတွေလည်း နိုင်ငံတော်က များများချပေးသင့်ပါတယ်။ ဒါမှ စားသုံးသူလက်ထဲကို ဈေးသက်သက်သာသာနဲ့ ပြန်လည်ရောင်းချပေးနိုင်မှာဖြစ်ပါတယ်

### စနစ်တကျမှတ်ပုံတင်ခြင်းအကျိုးကျေးဇူး

၂၀၂၂ ခုနှစ်အရောက်တွင် Maymyo Purcell (မေမြို့ပါဆယ်) အသေးစား စက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခဲ့သည်။ ထိုသို့မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြင့် ကုန်ပစ္စည်းများ၏ အရည်အသွေးများကို ဓာတ်ခွဲစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အတွက် အများပြည်သူယုံကြည် စိတ်ချစွာ ဝယ်ယူအားပေးလာနိုင်ကြောင်း၊ ထို့ပြင် လုပ်ငန်း အမျိုးအစားအလိုက် ပြည်တွင်း ပြည်ပ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို ဌာနအစီအစဉ်ဖြင့် တက်ရောက်နိုင်သည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း ချေးယူခွင့်ရသည့်အတွက် မှတ်ပုံတင်ဆောင်ရွက်ခြင်းက အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် များစွာအကျိုးရှိစေသည်ဟု ၎င်းကပြောသည်။

ထို့ကြောင့် မှတ်ပုံမတင်ရသေးသည့် အသေးစားလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်ကြရန် အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ အားလုံးကို တိုက်တွန်းလိုကြောင်းလုပ်ငန်းရှင် ဦးစိုးသိန်းက ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ကော်ဖီစိုက်တောင်သူများကို အကူအညီများပေးနေသကဲ့သို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထို့အပြင် အခြား စိုက်ပျိုးရေးဆိုင်ရာများတွင်လည်း မြေဩဇာများလည်း သက်သာစွာ ရောင်းချပေးလျက်ရှိသည်။ စိုက်ပျိုးရေးဌာနကလည်း ကော်ဖီနည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသဖြင့် ကော်ဖီတောင်သူများအတွက် အကျိုးများစေသည့် အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာ ရောက်စေသည်။ ကော်ဖီဈေးကွက်ကောင်းမွန်သည့်အပြင် နိုင်ငံတော်ကလည်းကူညီပံ့ပိုးနေသည့်အချိန်တွင် ကော်ဖီစိုက်ပျိုးရန် အကောင်းဆုံးဖြစ်ပြီး ပြည်တွင်းထွက် ကော်ဖီသီးများဖြင့် ထုတ်လုပ်သည့် ကော်ဖီထုတ်ကုန်များကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း လုပ်ငန်းရှင်က တိုက်တွန်းပြောကြားသည်။ ။




မေမြို့ပါဆယ်ကော်ဖီလုပ်ငန်းရှင် ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းစဉ်။





ကော်ဖီစေ့များ လှော်နေပုံနှင့် မေမြို့ပါဆယ် ကော်ဖီကုန်ချောများ။

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့ ကိုယ်တိုင်သိရှိ ဆင်ခြင်စို့

ပါမောက္ခဒေါက်တာကိုကို

ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်

ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါသည် ကပ်ရောဂါတစ်ရပ်အနေဖြင့် ဖြစ်ပွားလျက်ရှိသော ပြည်သူ့ကျန်းမာရေး အဓိကပြဿနာတစ်ရပ် ဖြစ်ပါသည်။ ဆီးချိုသွေးချိုရောဂါကြောင့် ခန္ဓာကိုယ်၏သွေးကြောငယ်များထိခိုက်ကာ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ အာရုံကြောများပျက်စီး၍ ခြေလက်ထုံနာကျင်နာဖြစ်ခြင်း၊ ဆီးချိုနှင့် ယင်း၏ဆက်နွယ်နေသော သွေးတိုး၊ သွေးတွင်း အဆီဓာတ်များခြင်းတို့ကြောင့် သွေးကြောကြီးများထိခိုက်ကာ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းတို့ ခံစားရပါသည်။ ထို့အပြင် ဆီးချိုသွေးချိုရောဂါသည် အခြားမကူးစက်နိုင်သောရောဂါများဖြစ်သည့် လေဖြတ်လေငန်းရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါများနှင့် နှလုံးအားနည်းရောဂါ၊ ကျောက်ကပ်ရောဂါတို့နှင့် တွဲဖြစ်လျက်ရှိသည်ကို တွေ့ရပါသည်။

- ❖ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် အသက် ၂၀ မှ ၇၉ နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုဖြစ်ပွားနေသူ ၅၃၇ သန်းရှိပြီး လူ ၁၀ ဦးလျှင် တစ်ဦးတွင် ဆီးချိုသွေးချိုရောဂါရှိနေသည်ကို တွေ့ရ
- ❖ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၆၄၃ သန်း၊ ၂၀၄၅ ခုနှစ်တွင် ၇၈၃ သန်းအထိ ဆီးချိုသွေးချိုဖြစ်ပွားသူများ တိုးတက်များပြားလာမည်ဟု ပညာရှင်များက ခန့်မှန်း
- ❖ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်"ဆိုသော ဆောင်ပုဒ်နှင့်အညီ ထိုရောဂါများ မဖြစ်ပွားစေရန်အတွက် လူတစ်ဦးချင်းတစ်ယောက်ချင်း ကိုယ်တိုင်က မိမိတို့၏ အပြုအမူ၊ အနေအထိုင်များကို ကျန်းမာရေးနှင့်ညီညွတ် သောပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် လိုအပ်

**ဆီးချိုသွေးချို ဖြစ်ပွားမှုအခြေအနေ**

အပြည်ပြည်ဆိုင်ရာဆီးချိုအဖွဲ့ချုပ် (IDF)၏ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် အသက် ၂၀ မှ ၇၉ နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုဖြစ်ပွားနေသူ ၅၃၇ သန်း ရှိပြီး လူ ၁၀ ဦးလျှင် တစ်ဦးတွင် ဆီးချိုသွေးချိုရောဂါရှိနေသည်ကို တွေ့ရပါသည်။ ထက်ဝက်နီးပါးခန့်သည် မိမိတွင် ဆီးချိုသွေးချိုရောဂါ ရှိလို့ရှိမှန်း မသိကြသည်ကို တွေ့ရှိရပါသည်။ ဆီးချိုသွေးချိုရောဂါအပါအဝင် အခြား နာတာရှည် မကူးစက်နိုင်သော ရောဂါအမျိုးမျိုးသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပွားသူအရေအတွက် များပြားလာသည်ကို တွေ့ရပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၆၄၃ သန်း၊ ၂၀၄၅ ခုနှစ်တွင် ၇၈၃ သန်းအထိ ဆီးချိုသွေးချိုဖြစ်ပွားသူများ တိုးတက်များပြားလာမည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ကြပါသည်။ ဆီးချိုသွေးချိုရောဂါကြောင့် ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံးတွင် လူပေါင်း ၆ ဒသမ ၇ သန်း သေဆုံးနေကြောင်း တွေ့ရှိရပြီး ယင်းသည် ငါးစက္ကန့်တွင် လူတစ်ဦးနှုန်း သေဆုံးခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မကူးစက်နိုင်သော အဓိကရောဂါများဖြစ်စေနိုင်သော အန္တရာယ်ရင်းမြစ်အကြောင်းအရင်းများဆိုင်ရာ သုတေသနစာတမ်း(WHO STEP Survey) အစီရင်ခံစာအရ အသက် ၂၅ နှစ်မှ ၆၅ နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုဖြစ်ပွားနေသူများ ၁၀ ဒသမ ၅ ရာခိုင်နှုန်း တစ်နည်းအားဖြင့်(၁၀ ဦးတွင် တစ်ဦး)ရှိပြီး prediabetes ဟု ခေါ်သော ကနဦးဆီးချိုအဆင့်မှာ မြန်မာပြည်သူ ၁၉ ဒသမ ၇ ရာခိုင်နှုန်း တစ်နည်းအားဖြင့်(ငါးဦးတွင်တစ်ဦး)ရှိနေသည်ကို တွေ့ရပါသည်။ သေသေချာချာ ထိထိရောက်ရောက် ကာကွယ်ကုသမှုမပြုလျှင် ကနဦးဆီးချိုရှိသူများ၏ သုံးပုံ တစ်ပုံသည် နောက်ငါးနှစ်အတွင်း ဆီးချိုသွေးချိုနှင့် နှလုံးရောဂါများ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အသက် ၂၅ နှစ်မှ ၆၅ နှစ်အကြား မြန်မာနိုင်ငံသားများတွင် သွေးတိုးရောဂါဖြစ်ပွားနေသူ ၂၆ ရာခိုင်နှုန်း၊ သွေးတွင်း အဆီဓာတ်များနေသူ ၃၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲသူ ၅၄ ဒသမ ၄ ရာခိုင်နှုန်း၊ အဝလွန်ကဲသူ ၂၂ ဒသမ ၄ ရာခိုင်နှုန်း ရှိနေသည်ကိုလည်း WHO STEP Survey အရ သိရှိရပါသည်။ ဆေးလိပ်သောက်လျှင် အဓိကမကူးစက်နိုင်သောရောဂါများဖြစ်သည့် အဆုတ်ကင်ဆာ၊ နာတာရှည် လေပြွန်ရောင်ရောဂါနှင့် အဆုတ်ပွရောဂါများဖြစ်ရန် အလားအလာများရှိသကဲ့သို့ ဆီးချိုသွေးချိုရောဂါရှိသူများ၌ နှလုံးသွေးကြောရောဂါများ၊ လေဖြတ်လေငန်းရောဂါများနှင့် ခြေထောက်သွေးကြောကျဉ်းကာ ခြေထောက်ပုပ်ရောဂါများ ဖြစ်နိုင်ပါသည်။ အဝလွန်သူများတွင်လည်း ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ သည်းခြေရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အရိုးအဆစ်ရောင်ရောဂါ၊ သားအိမ်နံရံကင်ဆာ၊ ရင်သားကင်ဆာ၊ ဆီးကြိတ်ကင်ဆာ၊ အူမကြီးကင်ဆာ စသည့် နာတာရှည် မကူးစက်နိုင်သောရောဂါများ ဖြစ်နိုင်ခြေအလွန်များပါသည်။

**ကိုယ်ဝန်ဆောင်ဆီးချို**

ဒေသတွင်း ကောက်ယူခဲ့သည့် သုတေသနများမှ တွက်ချက်ဆန်းစစ်ချက် (Meta-analysis)များအရ ကိုယ်ဝန်ဆောင်ဆီးချို(Gestational diabetes) မိခင်အရေအတွက်သည် အရှေ့တောင်အာရှဒေသတွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ၃၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်း တွေ့ရပါသည်။ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါသည် မိခင်နှင့်ကလေး သေဆုံးမှုမြင့်မားစေသည့်အပြင် မွေးပြီးမိခင်များတွင် ရောဂါရှိ၊ မရှိ မှန်မှန်စမ်းသပ်ခြင်းမပြုလျှင်၊ အစားအသောက်အနေအထိုင် မဆင်ခြင်လျှင် နောင်တွင် ဆီးချိုသွေးချိုဖြစ်လာမည့် အလားအလာ များလာပါသည်။ မွေးလာမည့်ကလေးသည်လည်း လူကြီးဖြစ်လာလျှင် အဝလွန်နိုင်ခြေ၊ ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေ များပြားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မိခင်လောင်းများသည် နောင်မျိုးဆက်များ ကျန်းမာသန်စွမ်းစေရန် အဝမလွန်အောင်၊ ဆီးချိုသွေးချိုမဖြစ်အောင် ကာကွယ်နေထိုင်ကြရမည် ဖြစ်ပါသည်။

**ဆီးချိုသွေးချို ဖြစ်ပွားရသည့် အကြောင်းရင်းများ**

ဆီးချိုသွေးချိုရောဂါ အပါအဝင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်မှုမရှိသည့် လူနေမှုပုံစံများဖြစ်သော ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်စားသောက်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းတို့ ဖြစ်ကြပါသည်။ မကူးစက်နိုင်သောရောဂါများ၏ နောက်ဆက်တွဲရောဂါများကြောင့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းတို့ကို ခံစားနေကြရသည့်အတွက် ပြည်သူလူထုမှာ အရွယ်မတိုင်ခင် သေဆုံးခြင်း၊ ဒုက္ခိတဖြစ်ခြင်းတို့ကြောင့် အလုပ်လုပ်ကိုင်နိုင်ခြင်း မရှိတော့သည့်အတွက် ဝေဒနာရှင်များ၏ မိသားစုတိုင်းတွင် လူနာကိုကုသရသည့် စရိတ်ကုန်ကျမှုနှင့်ဆက်စပ်ပြီး လူမှုစီးပွားဒုက္ခများ ခံစားကြရရုံသာမက အလုပ်လုပ်ကိုင်နိုင်စွမ်းလျော့နည်းလာပြီး နိုင်ငံတော်အနေဖြင့်လည်း ဆေးကုသစရိတ်များကြောင့် တိုင်းပြည်ဝင်ငွေများ သန်းပေါင်းချီ၍ ဆုံးရှုံးနေရခြင်းစသည့် လူမှုဒုက္ခမျိုးစုံ ခံစားလာကြရပါသည်။

**ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်သည့် နည်းလမ်းများ**

"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်"ဆိုသော ဆောင်ပုဒ်နှင့်အညီ ထိုရောဂါများ မဖြစ်ပွားစေရန်အတွက် လူတစ်ဦးချင်းတစ်ယောက်ချင်း ကိုယ်တိုင်က မိမိတို့၏ အပြုအမူ၊ အနေအထိုင်များကို ကျန်းမာရေးနှင့်ညီညွတ်သောပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် လိုအပ်ပါသည်။ အာဟာရမျှတသော အစားအစာများကို မှန်ကန်သောပမာဏ၊ အချိုးအစားများနှင့် စုံလင်စွာစားသောက်ခြင်း၊ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစာများ စားသုံးခြင်းကို ရှောင်ကြဉ်ခြင်း၊ ရေဆာလျှင် အချိုရည်မသောက်ဘဲ ရေကိုသာသောက်ခြင်း၊ ခန္ဓာကိုယ်အဝမလွန်အောင် ထိန်းသိမ်းခြင်း၊ သွက်လက်တက်ကြွသော လူနေမှုပုံစံနှင့်နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို တစ်နေ့မိနစ် ၃၀၊ တစ်ပတ် မိနစ် ၁၅၀ ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း ရှောင်ကြဉ်ခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ တီဗွီစသည်တို့ကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရာရာအပြုသဘောမြင်ကာ ယောနိသောမနသိကာရ မှန်ကန်စွာနှလုံးသွင်း၍ စိတ်အေးချမ်းသာအောင်နေထိုင်ခြင်းတို့ဖြင့် ဆီးချိုသွေးချိုအပါအဝင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုကို ၈၀ ရာခိုင်နှုန်းခန့် ကာကွယ်နိုင်ကြောင်း သုတေသနစာတမ်းများမှာ ဖော်ပြထားပါသည်။

**နိုင်ငံတော်အစိုးရမှ အလေးပေးဆောင်ရွက်ချက်များ**

ပြည်သူလူထုအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင် ဖန်တီးပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို အားပေးခြင်း၊ ကျန်းမာရေးအသိပညာများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားအောင် အထူးအလေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာမှာ ဆီးချိုသွေးချိုအပါအဝင် မကူးစက်နိုင်သောရောဂါများအားကာကွယ်ရန် ပထမအဆင့်အနေဖြင့် ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်း၊ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆောလျင်စွာ ရောဂါရှာဖွေခြင်းနှင့် လိုအပ်လျှင် လွှဲပြောင်းကုသခြင်း၊ တတိယအဆင့်အနေဖြင့် ရောဂါကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ ကစပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်များ ပေါ်ထွန်းလာစေရန်အတွက် ကျောင်းတွင်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုအသိပညာ မြှင့်တင်ခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်ကြော်ငြာများ တားမြစ်ခြင်းနှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပိုမိုစားသုံးရန် အသိပညာပေးခြင်း၊ ဆေးရွက်ကြီးနှင့် အရက်ယမကာများကို အခွန်တိုးမြှင့်ခြင်းနှင့် ကောက်ခံရရှိသော အခွန်အခဘဏ္ဍာငွေကို ရောဂါတိုက်ဖျက်ရေးအတွက် အသုံးပြုခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင်ဖြစ်စေရန် စီမံခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုတွင် သကြားနှင့် အငန်လျှော့ချခြင်း၊ ဆိုးဆေးနှင့် အခြားဓာတုပစ္စည်းများ မပါဝင်စေရန် ကန့်သတ်တားမြစ်ခြင်းတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း အခြေခံကျန်းမာရေးဝန်ထမ်းများကို ဆီးချိုသွေးချိုရောဂါ ကာကွယ်ကုသရေးလုပ်ငန်းဆိုင်ရာ သင်တန်းများပေးခြင်း၊ ပြည်သူ့ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆီးချိုသွေးချိုရောဂါ ကာကွယ်ကုသရေးဆိုင်ရာ လမ်းညွှန်များ ပြုစုထုတ်ဝေခြင်း၊ ပြည်သူလူထုအား မီဒီယာပေါင်းစုံမှ စဉ်ဆက်မပြတ် အသိပညာပေးခြင်းတို့အပြင် လိုအပ်သည့် အခြေခံဆေးဝါးများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်နေပြည်သူလူထုမှ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစေရန်အတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုအဆင့်မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ **ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနနှင့် မိခင်ကလေးကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါစစ်ဆေးကုသမှုဆေးခန်းများကို ၂၀၁၇ ခုနှစ်မှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ဆေးခန်းများတွင် ဆီးချိုသွေးချိုရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း လိုအပ်လျှင် လွှဲပြောင်းပေးခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုပုံစံရရှိစေရန်အတွက် ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။**

မြို့ပြနေပြည်သူများအတွက် ပြည်သူ့ဆေးရုံများတွင် ဆီးချိုသွေးချိုရောဂါ စစ်ဆေးခြင်း၊ ကုသခြင်းနှင့် ဆေးဝါးထောက်ပံ့ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆီးချိုသွေးချို ဝေဒနာရှင်များတွင် နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားခြင်း ရှိ/မရှိကို စောစီးစွာသိရှိနိုင်ရန်နှင့် ကာကွယ်ကုသနိုင်ရန်အတွက် ဆီးချိုသွေးချို ပညာပေးကုသမှုဆေးခန်းများကို မြို့ကြီးအချို့ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဖွင့်လှစ်၍ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အဖွဲ့များက စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိပါသည်။ *စာမျက်နှာ ၁၇ သို့*

# ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)၌ အိန္ဒိယသံရုံး(ရန်ကုန်)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ



**ရန်ကုန် နိုဝင်ဘာ ၁၄**

အိန္ဒိယသံရုံး (ရန်ကုန်) မှ New Deputy Chief of Mission, Mr. Ashish Sharma နှင့် Mr. Ashok Kumar, New Second Secretary (Commerce) & Head of Chancery တို့သည် အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များအား နိုဝင်ဘာ ၁၃ ရက်က အသင်းချုပ်၌ လာရောက်တွေ့ဆုံခဲ့သည်။

အစည်းအဝေးတွင် အိန္ဒိယသံရုံးနှင့် အသင်းချုပ်အကြား နီးကပ်စွာလက်တွဲ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ထောက်ပံ့ကူညီနိုင်ရေး၊ ရင်းနှီးဆက်ဆံမှုကို အားကောင်းစေရေး၊ မြန်မာအသင်းအဖွဲ့၊ ကုမ္ပဏီများနှင့် အိန္ဒိယသံရုံးတို့ ချိတ်ဆက်ဆက်သွယ်နိုင်ရေး၊ ကုန်သွယ်မှုတွင် ရူပီးကျပ်ငွေ ပေးချေမှုဆိုင်ရာများ၊ အိန္ဒိယကုန်စည်ပြပွဲများသို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်စေရေးနှင့် မြန်မာကုန်စည်ပြပွဲများသို့ အိန္ဒိယလုပ်ငန်းရှင်များ စေလွှတ်နိုင်ရေး၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ တိုးမြှင့်စေရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် အသင်းချုပ်နှင့် နားလည်မှုစာချွန်လွှာရေးထိုးထားသော အိန္ဒိယစီးပွားရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နယ်စပ်ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး၊ လက်တွေ့ကျင့်သုံးမှုဆိုင်ရာကိစ္စရပ်များတို့ကို ဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသန့်၊ ဒေါ်သူဇာဝင်း၊ IR advisor ဦးတင့်ဆွေတို့ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရော်ဘာစိုက်တောင်သူများ လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်



**သံတောင်ကြီး နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်ဒေသရှိ ရော်ဘာစိုက်ပျိုးသူတောင်သူများ ယခုအခါ အစေးလှီးခြင်းနှင့် ရော်ဘာပြားများ ထုတ်လုပ်ခြင်းလုပ်ငန်းကို တွင်ကျယ်စွာ ဆောင်ရွက်လျက်ရှိသည်။ ယခင်လများက ရော်ဘာအစေးလှီးခြင်းလုပ်ငန်းတွင် အရည်အသွေး အပေါ်မူတည်၍ ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၃၀၀ မှ ၁၄၀၀ အထိ ရရှိကြောင်း သိရသည်။

ယခုနှစ် နိုဝင်ဘာလဆန်းမှစ၍ ရော်ဘာအစေးလှီးခြင်းလုပ်ငန်း လုပ်ကိုင်သူ တောင်သူများ ပိုမိုများပြား ထုတ်လုပ်လာ၍ ရော်ဘာဈေးနှုန်း အနည်းငယ်ကျဆင်းသွားသော်လည်း ရော်ဘာအစေးလှီးခြင်းလုပ်ငန်းသည် စိုက်ပျိုးသူတောင်သူများအတွက် ပုံမှန်ဝင်ငွေရရှိခြင်းကြောင့် နေ့စဉ်ပုံမှန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ အထိ ရရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သထုံမြို့နယ်၌ ဆီးချို သွေးချိုရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်

**သထုံ နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးညီလာခံနှင့် ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့တို့ကို ဂုဏ်ပြုသောအားဖြင့် ဆီးချို သွေးချိုရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို နိုဝင်ဘာ ၁၄ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။**(အောက်ပုံ)**

အသိပညာပေးဟောပြောရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော် ဒေါက်တာအောင်ပိုင်ထွေးက ဆီးချို သွေးချိုရောဂါ၏ လက္ခဏာများနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ကြိုတင်ကာကွယ်နည်းများ၊ ဖြစ်ပွားလာပါက စနစ်တကျကုသရမည့်နည်းလမ်းများ၊ ဆီးချို သွေးချိုရောဂါနှင့် ပတ်သက်သည့် နောက်ဆက်တွဲရောဂါများနှင့် ဆိုးကျိုးများ စသည်တို့ကို အသိပညာပေးဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးသည်။

အခမ်းအနားတွင် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ဆီးချို သွေးချိုရောဂါ အခမဲ့စစ်ဆေးကုသပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြပြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးပရဟိတအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

### ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့

တစ်စတစ်စကြီးထွားလာသည့် ဆီးချိုသွေးချိုရောဂါ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို ၁၉၉၁ ခုနှစ်မှစ၍ စတင်ကျင်းပခဲ့ပါသည်။ ဆီးချိုသွေးချိုရောဂါကုထုံးအသစ်တစ်ခုဖြစ်သည့် အင်ဆူလင်ဆေးကို ၁၉၂၂ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည့် ကနေဒါသမားတော်ကြီး ဆာဖရက်ဒီရစ်ဘင်(န်)တင်းကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ဖြစ်သည့် နိုဝင်ဘာလ ၁၄ ရက်နေ့ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ထိန်းသိမ်းရေးနေ့(World Diabetes Day) အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ဆီးချိုရောဂါနှင့်နီးနွယ်သော နောက်ဆက်တွဲရောဂါများ၏ ဆိုးကျိုးသက်ရောက်မှုများ၊ ဆီးချိုနှင့် ပတ်သက်သော မှန်ကန်သည့် သတင်းအချက်အလက်များ လက်လှမ်းမီစေရေးနှင့် အချိန်မီကာကွယ်ကုသရေး စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြည်သူလူထုအတွင်း သေချာစွာ ရရှိစေရန်တို့ကို မီးမောင်းထိုးပြလို၍ ကျင်းပခြင်းဖြစ်ပါသည်။ နိုဝင်ဘာလ ၁၄ ရက်နေ့ ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနလက်အောက်ရှိ ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်၊ မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါပညာရှင်များအဖွဲ့(MSEM)တို့မှ ဦးဆောင်ကာ ဆီးချိုရောဂါ ပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ အားလုံးနှင့် လက်တွဲဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုံ့ဆော်ရေးဆောင်ပုဒ်မှာ**'Know your risk, Know your response'** ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် "ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့၊ ကိုယ်တိုင်သိရှိဆင်ခြင်စို့" ဟု ဘာသာပြန်ဆိုထားပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ပုဒ်များသည် လူတိုင်း ဆီးချိုသွေးချိုစောင့်ရှောက်မှုအခွင့်အလမ်း ရရှိရေး (Access to Diabetes care)အတွက် အဓိက ရည်မှန်းချက်ထားရှိပါသည်။ အပြည်ပြည်ဆိုင်ရာဆီးချိုအဖွဲ့ချုပ်(IDF)၏ ရည်မှန်းချက်မှာ နိုဝင်ဘာလကို ဆီးချိုသွေးချိုရောဂါ သတိပြုစေရေးလ (Diabetes Awareness month)အဖြစ် သတ်မှတ်၍ ဆီးချိုသွေးချိုရောဂါဆိုင်ရာ လှုပ်ရှားမှုများကို ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့တွင် အလေးပေး၍ ပြုလုပ်ကြစေရေးဖြစ်ပါသည်။ လူတိုင်း ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေရှိသည်ကို သတိရှိရန် အရေးကြီးသည့်အတွက် ဆီးချိုသွေးချိုမဖြစ်စေရေးနှင့် ဆီးချိုသွေးချိုရှိပါကလည်း နောက်ဆက်တွဲရောဂါများ မဝင်ရောက်စေရေးတို့ကို ဦးတည်ချက်ထားရှိ၍ လှုပ်ရှားဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

**ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသူများ**

- ❖ မိသားစုဝင်ထဲ၌ ဆီးချိုသွေးချိုရောဂါရှိခြင်း
- ❖ ကိုယ်အလေးချိန် များလွန်းခြင်း (အထူးသဖြင့် ဝမ်းတွင်းအဆီများလွန်းခြင်း)
- ❖ အသက် ၄၅ နှစ်အထက် ဖြစ်ခြင်း
- ❖ ကိုယ်ကာယလှုပ်ရှားမှုနည်းပါးသည့် လူ့ဘဝနေထိုင်မှုပုံစံများရှိခြင်း
- ❖ ယခင်က ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုရောဂါရှိခဲ့ဖူးခြင်း
- ❖ ယခင်က ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်များရှိသည်ဟု စမ်းသပ်သတ်မှတ်ခံထားရခြင်း

**ဆီးချိုသွေးချိုရောဂါ စစ်ဆေးသည့်နည်းလမ်းများ**

အောက်ပါစစ်ဆေးချက် တစ်ခုခုတွေ့ရှိပါက ဆီးချိုသွေးချိုရောဂါရှိသည်ဟု သတ်မှတ်နိုင်သည်။

- ❖ Fasting Plasma Glucose (FPG) [ည(၁၀)နာရီ နောက်ပိုင်း ဘာမှမစားဘဲ နောက်တစ်နေ့ နံနက်စောစော စစ်သည့် သွေးချို] – ၁၂၆ မီလီဂရမ်/ဒက်ဆီလီတာနှင့် အထက်
- ❖ 2HPP after OGTT (၇၅ ဂရမ် ဂလူးကို့စ်သောက်ပြီး နှစ်နာရီအကြာတွင် စစ်သည့်သွေးချို) – ၂၀၀မီလီဂရမ်/ဒက်ဆီလီတာနှင့်အထက်
- ❖ HbA1C (၃ လပျမ်းမျှ သွေးချို) – ၆ ဒသမ ၅ နှင့်အထက်

**ဆီးချိုသွေးချိုရောဂါကုသမှုနည်းလမ်းများ**

- ❖ အစာအာဟာရဖြင့်ကုသခြင်း
- ❖ ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်း
- ❖ သွေးတွင်း သကြားဓာတ်များ လျော့နည်းကျဆင်းစေသော ဆေးများဖြင့် ကုသခြင်း
- ❖ အင်ဆူလင် ဟော်မုန်းဓာတ်ဆေးထိုး၍ ကုသခြင်း

သင့်အနေဖြင့် ဆီးချိုသွေးချိုကာကွယ်ရေးလှုပ်ရှားမှုများတွင် ပါဝင်လိုပါက ဆီးချိုသွေးချိုရောဂါ ရှိ၊ မရှိ နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများ၏ လမ်းညွှန်မှုခံယူ၍ ဆီးချို ရှိ၊ မရှိ စစ်ဆေးခြင်းတွင် ပါဝင်နိုင်ပါသည်။ သို့မှသာ သင့်လူ့အဖွဲ့အစည်း၏ ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချနိုင်ပေမည်။ သင့်ဆီးချိုသွေးချို အသိပညာဗဟုသုတ တိုးတက်စေရန် ကျန်းမာရေးဝန်ထမ်းများ၏ ပညာပေးဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်သင့်ပါသည်။ ကျန်းမာစေသော လူနေမှု အလေ့အကျင့်များကို လေ့လာမွေးမြူ ထိန်းသိမ်းခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် ယင်း၏ နောက်ဆက်တွဲရောဂါများ မဝင်ရောက်နိုင်အောင် အများအားဖြင့် ဟန့်တားကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ယခုလို မင်္ဂလာရှိလှပါသော ကမ္ဘာ့ဆီးချိုသွေးချို ထိန်းသိမ်းရေးအခါသမယတွင် ဌာနတိုင်း၊ မြို့နယ်တိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလှုပ်ရှားမှုများကို စည်းရုံးကျင်းပကာ တက်ကြွစွာ အားလုံးပါဝင်နိုင်စေရေးအတွက် နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

1. *Myanmar STEP survey (2014)*
2. *WHO key facts on NCD and Diabetes 2023*
3. *International Diabetes Federation: World Diabetes Day 2023*
4. *American Diabetes Association 2023*
5. *American Association of Clinical Endocrinology 2023*
6. *International Diabetes Federation ATLAS 2022*
7. *Gestational Diabetes Mellitus in Southeast Asia: A Scoping Review*




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Kyaw San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် တက္ကသိုလ်ရပ်ကွက်နေ အောင်ဆန်းမော်နှင့် "Ye Ko Ko Kyaw" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက်နေ ရဲကိုကိုကျော် (ခ) အရှုရတ် တို့အား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aye Myint Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ် (၁၄) ရပ်ကွက်နေ အေးမြင့်သူ (ခ) အေးမြင့်ဇူ အား ညနေ ၅ နာရီတွင် လည်းကောင်း၊ "Win Maw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ကောင်းရပ်ကွက်နေ ဝင်းမော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Dhar Du Mahay Thi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ယွန်းမဟေသီ (ခ) ယွန်းယွန်း အား ည ၆ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News




ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ မြို့နယ်မိခင်နှင့် ကလေးစောက်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ပဋိပက္ခဖြစ်စဉ်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များအတွင်း လိင်ပိုင်းဆိုင်ရာနှင့် အခြားအကြမ်းဖက်မှုများကို တိုင်ကြားနိုင်ကြောင်း ပြည်သူများသိရှိနိုင်စေရန် အသိပေးပိုစတာကို နိုဝင်ဘာ ၁၄ ရက်က စိုက်ထူစဉ်။ သူရကြီး (ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ (၁၄ - ၁၁ - ၂၀၂၃)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၁၀၀၆ | ၈၆၅၁၈၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၂၉၇၂ | ၈၅၄၀၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၃၅၄ | ၅၆၆၄၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၄၀၀ | ၉၆၀၀၀၀ |
| EFR | ၂၀၅၀ | ၂၁၀၀ | ၃၇၆ | ၇၈၀၈၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၁၃ | ၆၃၃၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၂၁၁၆ | ၃၅၉၇၂၀၀ |

ညီညီ - စုစည်းသည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# နေပြည်တော်
# (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် Naypyitaw State Academy ၏ သင်ကြားရေးဌာနများရှိ အောက်ပါဘာသာရပ်များတွင် သင်ကြားရေးတာဝန်ပေးအပ်နိုင်ရန်အတွက် နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာ စာစီ၍ဖြစ်စေ **(၁၅-၁၂-၂၀၂၃) ရက် (သောကြာနေ့)** နောက်ဆုံးထား၍ တင်သွင်း လျှောက်ထားနိုင်ကြပါသည် -

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့် ဘာသာရပ်ဌာနများ |
|---|---|---|
| ၁ | Naypyitaw State Academy | ၁။ အင်္ဂလိပ်စာ ၂။ ဥပဒေပညာ<br>၃။ ဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ<br>၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ |
| ၂ | ရန်ကုန်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ ဥပဒေပညာ<br>၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာ ဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ |
| ၃ | မန္တလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ ဥပဒေပညာ<br>၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာ ဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ<br>၇။ စီးပွားရေးပညာ |
| ၄ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဘောဂဗေဒ<br>၃။ အသုံးချဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ<br>၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ<br>၇။ အသုံးချစာရင်းအင်းပညာ |
| ၅ | ရန်ကုန်ပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးပညာ |
| ၆ | မော်လမြိုင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ အဏ္ဏဝါသိပ္ပံ ၆။ စီးပွားရေးပညာ |
| ၇ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ စီးပွားရေးပညာ |
| ၈ | တောင်ကြီးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၉ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးပညာ |
| ၁၀ | ဒဂုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ နိုင်ငံတကာဆက်ဆံရေးပညာ<br>၆။ စီးပွားရေးပညာ |
| ၁၁ | မကွေးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၁၂ | ပုသိမ်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ<br>၅။ စီးပွားရေးပညာ |
| ၁၃ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ<br>၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၄ | စစ်တွေတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ<br>၅။ စီးပွားရေးပညာ |
| ၁၅ | မုံရွာတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ<br>၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၆ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ<br>၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၇ | မြစ်ကြီးနားတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၁၈ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ<br>၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ<br>၅။ စီမံခန့်ခွဲမှုပညာ |
| ၁၉ | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ ဥပဒေပညာ<br>၅။ အရှေ့တိုင်းပညာ ၆။ စီးပွားရေးပညာ |
| ၂၀ | တောင်ငူတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၂၁ | ပြည်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ ဥပဒေပညာ<br>၅။ အရှေ့တိုင်းပညာ ၆။ စီးပွားရေးပညာ |
| ၂၂ | ထားဝယ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ စီးပွားရေးပညာ |
| ၂၃ | ရတနာပုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ နိုင်ငံတကာဆက်ဆံရေးပညာ<br>၆။ စီးပွားရေးပညာ |
| ၂၄ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၂၅ | မိတ္ထီလာတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ<br>၃။ စီးပွားရေးပညာ |
| ၂၆ | ပခုက္ကူတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ စီးပွားရေးပညာ |
| ၂၇ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ<br>၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ<br>၅။ စီမံခန့်ခွဲမှုပညာ |
| ၂၈ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၂၉ | ကျောက်ဆည်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ<br>၃။ အရှေ့တိုင်းပညာ |
| ၃၀ | ဟင်္သာတတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ<br>၅။ စီးပွားရေးပညာ |
| ၃၁ | ပင်လုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၂ | မအူပင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၃ | ဘားအံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၄ | ကလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၅ | မြိတ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ<br>၅။ စီးပွားရေးပညာ |
| ၃၆ | လှိုင်ကော်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၇ | လားရှိုးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ<br>၃။ စီးပွားရေးပညာ |
| ၃၈ | ကျိုင်းတုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၉ | ဖန်းမော်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ<br>၃။ စီးပွားရေးပညာ |
| ၄၀ | ပဲခူးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၄၁ | ရွှေဘိုတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၄၂ | စစ်ကိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ |
| ၄၃ | ရေနံချောင်းတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |
| ၄၄ | မြင်းခြံတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |
| ၄၅ | မိုးညှင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ |
| ၄၆ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ အင်္ဂလိပ်စာ ၂။ ဘောဂဗေဒ<br>၃။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ<br>၄။ ခရီးသွားလုပ်ငန်းပညာ |
| ၄၇ | တောင်ကုတ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ |
| ၄၈ | မန္တလာတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ အရှေ့တိုင်းပညာ<br>၄။ ခရီးသွားလုပ်ငန်းပညာ |
| ၄၉ | ဟားခါးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ<br>၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၅၀ | ဟုမ္မလင်းဒီဂရီကောလိပ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) ဘောဂဗေဒ/အသုံးချဘောဂဗေဒ ဘာသာရပ်ဌာနအတွက် ဘောဂဗေဒ/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ/ ဖွံ့ဖြိုးမှုပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MPA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဂ) စာရင်းအင်းပညာ/အသုံးချစာရင်းအင်း ပညာဘာသာရပ်ဌာနအတွက် စာရင်းအင်းပညာ/လူဦးရေပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ အသုံးချစာရင်းအင်း ပညာမဟာဘွဲ့ (MAS) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဃ) ဝါဏိဇ္ဇဗေဒ/စီမံခန့်ခွဲမှုပညာ/စီမံခန့်ခွဲမှုနှင့် ဝါဏိဇ္ဇဗေဒဘာသာရပ်ဌာနအတွက် ဝါဏိဇ္ဇဗေဒ/စီးပွားရေးလုပ်ငန်း စီမံခန့် ခွဲမှုပညာ/စာရင်းကိုင်ပညာ/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး ပညာမဟာဘွဲ့(MBF)/ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(င) ခရီးသွားလုပ်ငန်းပညာဘာသာရပ်ဌာနအတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်/ BA(Tourism)/BA(Tourism Management) ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ဧည့်ဝတ်နှင့် ခရီးသွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MHTM) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေး ဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(စ) စီးပွားရေးပညာဘာသာရပ်ဌာနအတွက် အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ စီးပွားရေးပညာအထူးပြု ဘာသာရပ်နှင့် ဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဆ) ကျန်ဘာသာရပ်ဌာနအားလုံးအတွက် မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဇ) **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့**တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရန် အဆင့်မီသူများနှင့် မဟာတန်းတက်ရောက်ရန် အဆင့်မီသူများ ဖြစ်ပါက အသက်(၃၅) နှစ်ထက်မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများနှင့် မဟာသုတေသနဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ ရရှိပြီးသူဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဈ) လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့**တွင် အသက် (၄၀)နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ည) နည်းပြ/သရုပ်ပြရာထူး ခန့်ထားခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေ ၁,၀၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ) အား ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ **(၁၅-၁၂-၂၀၂၃) ရက် (သောကြာနေ့)** အရောက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ ဖြစ်စေ တင်သွင်းလျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ(မိတ္တူ)၊ နောက်ဆုံးနှစ်အမှတ်စာရင်း(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက်(မူရင်း) တို့ကို ပူးတွဲတင်ပြရမည်။ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များကို တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၆။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေငြာထားမည်ဖြစ်ပါသည်-

| စဉ် | ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၂၀-၁-၂၀၂၄ နံနက် (၉)နာရီ မှ (၁၀)နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၂၀-၁-၂၀၂၄ နံနက် (၁၀)နာရီ မှ (၁၁)နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၂၀-၁-၂၀၂၄ နံနက် (၁၁)နာရီ မှ (၁၂)နာရီ |

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ (၂၁-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပမည် ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

သို့

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

--------------------- တက္ကသိုလ်/ဒီဂရီကောလိပ်

**ဓာတ်ပုံ**

ရက်စွဲ ၊ --------------------------

**အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း**

၁။ ------------------------------------ တက္ကသိုလ်/ဒီဂရီကောလိပ်တွင် လစ်လပ်လျက်ရှိသော ------------------------------ ဘာသာရပ် နည်းပြ/သရုပ်ပြရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) အမည် ------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------

(ဂ) မွေးနေ့သက္ကရာဇ် ------------------------------

(ဃ) လူမျိုး ------------------------------

(င) ကိုးကွယ်သည့်ဘာသာ ------------------------------

(စ) လက်ရှိပညာအရည်အချင်းနှင့် ------------------------------
အောင်မြင်သည့်နှစ် ------------------------------

(ဆ) အဖအမည် ------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
အလုပ်အကိုင် ------------------------------

(ဇ) အမိအမည် ------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
အလုပ်အကိုင် ------------------------------

(ဈ) ဝန်ထမ်းဖြစ်လျှင် ------------------------------
အလုပ်အကိုင်နှင့် ဌာန ------------------------------

(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ ------------------------------
ဖုန်းနံပါတ် ------------------------------

(ဋ) အမြဲတမ်းလိပ်စာ အပြည့်အစုံ ဖုန်းနံပါတ် -------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် -

(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ (မိတ္တူ)

(ဂ) နောက်ဆုံးနှစ်အမှတ်စာရင်း/CGPA (မူရင်း)

(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(စ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်

လေးစားစွာဖြင့်

လက်မှတ် ၊ --------------------------

အမည် ၊ --------------------------

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက-၂ ကျောင်းမှ မောင်ဗိုလ်ခန့်နောင် G-7 ၏ ဖခင်အမည်မှန်မှာ ဦးမင်းနွယ် ၅/ကနန(နိုင်) ၀၅၃၉၅၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက စေတီဆိပ်ကျောင်း မှ မဆောင်းနှင်းချို G-4 နှင့် မောင်ငွေလရောင် G-1 တို့၏ ဖခင်အမည်မှန်မှာ ဦးဘိုဂျိမ်း ၅/ဟမလ(နိုင်)၁၀၃၂၀၁ ဖြစ်ပါကြောင်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/49641, Honda Click -150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးကျော် ၇/ရတန(နိုင်) ၀၆၅၂၈၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7806, Forland BJ3042 V,3PBBB2, Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုသက်နိုင် ၇/တငန(ဧည့်) ၀၀၀၂၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွှာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6359 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ခင် ၉/မထလ(နိုင်) ၀၈၃၈၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ကြော်ငြာစာအမှတ် ၂/၂၀၂၃ ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)(၅)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သတ်မှတ်ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာတတ်ကျွမ်းသူ ဖြစ်ရမည်။
(ဂ) ၂၈-၁၁-၂၀၂၃ ရက်တွင် ပြင်ပ ပုဂ္ဂိုလ်များ အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ရွေးချယ်ခြင်းခံရသူများသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ၁၆-၁၁-၂၀၂၃ရက်(ကြာသပတေးနေ့) မှစတင်၍ ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၈-၁၁-၂၀၂၃ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့်ပုံစံ၊ ပူးတွဲတင်ပြရမည့်အချက်အလက်များအား ဖော်ပြထားရှိပါသည်။

၃။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲကို ၁၁-၁၂-၂၀၂၃ရက်(တနင်္လာနေ့)နှင့် ၁၂-၁၂-၂၀၂၃ရက်(အင်္ဂါနေ့)တို့တွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာ ဘာသာရပ် (၃)ခု ဖြေဆိုစေခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ (ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၅။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်း အမှတ် ၀၂-၄၇၅၀၀၀၆ နှင့် ၀၂-၄၇၅၀၂၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)**

## အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာနေ (ဘ)ဦးဝင်းမောင်၏ သားများဖြစ်သော အထက(စက်စဲ) Grade-8 မှ မောင်လျှံမန်အား မောင်လရီးမန်နှင့် မောင်လျှံမွန်အား မောင်လရီးမွန်ဖြစ်ပြီး အမက (ရသေ့တောင်) Grade-2 မှ မောင်လျှံချမ်း၏အမည်မှန်မှာ မောင်လရီးချမ်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် (၂၇၀)၊ မြေကွက်တည်နေရာအမှတ်(၂၇၀)၊ ဒီပါအေးမြလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်ရင်(ISN-၂၁၂၇၀၈) နှစ်(၆၀)မြေငှားစာချုပ်ဂရန်အမည်ပေါက် ဦးကျော်ရင်(ဖခင်/ယောက္ခထီး)ကွယ်လွန်၊ ဒေါ်လှရင်(မိခင်/ယောက္ခမ)ကွယ်လွန်နှင့် ဦးမောင်မောင်သန်း(အစ်ကို/မောင်/ဖခင်)(ကွယ်လွန်)သဖြင့်သား/သမီး/ညီ/ညီမများဖြစ်ကြသော ဒေါ်သန်းသန်းဦး ၁၂/ရကန(နိုင်)၀၃၉၉၉၅၊ ဒေါ်ဝင်းဝင်းမာ ၁၂/ရကန(နိုင်)၀၄၀၀၆၁၊ ဦးကျော်ဆန်း ၁၂/ရကန(နိုင်)၀၄၀၃၀၃၊ ဒေါ်ခင်မိုးထွေး ၁၂/ဒဂမ(နိုင်)၀၀၀၃၄၅၊ ဒေါ်သီတာမိုး ဒွေးအောင် ၁၂/ရကန(နိုင်) ၀၀၂၅၀၅၊ ဒေါ်အေးအေးသက် ၁၂/ရကန(နိုင်)၀၀၂၅၀၆ နှင့် ဦးမောင်မောင်သန်းသည် မိခင် ဖခင်ထက်စောစီးစွာကွယ်လွန်သဖြင့် ၎င်း၏ အစုအတွက် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ချိုလွင်ဦး ၁၂/ဥကတ(နိုင်) ၁၆၄၅၈၃အမွေမမှီ မြေးအဖြစ်ဆက်ခံ၍ ကျန်မောင်နှမ(၆)ဦးနှင့်ပူးတွဲ၍ ၎င်းတို့သည် ကွယ်လွန်သူများ၏သား၊ သမီး၊ မြေး၊ ညီ၊ ညီမများဖြစ်ကြကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမသား၊ သမီး၊ မွေးစားထားခြင်းလည်းမရှိပါကြောင်း၊ ၎င်းတို့သာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂) စောင်၊ ဖခင်၊ မိခင်၊ အစ်ကိုဖြစ်သူ ၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း၊ မြေကွက်အမှတ်(၁၂၀)၊ မြေအကျယ်အဝန်း (ပေ၄၀xပေ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေအကျယ်ဝန်း(ပေ၂၀ x ပေ၆၀)၊ ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၁၁၉)နှင့်ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးရထွန်း(MYA-၁၄၂၅၂၇)အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်မွန်မွန်စိုး(၁၂/သဃက(နိုင်)၁၄၀၅၆၅)သည် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်အမှတ် (၃၉၇၆/၂၀၂၃) ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။၎င်းထံမှဦးသန်းဌေး(၁၂/သလန(နိုင်)၀၀၇၂၂၁)သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ" ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်လှမြတ်ကျော်(LL.B)** | **ဒေါ်လဲ့လဲ့မွန်(LL.B)** |
| **(စဉ်-၁၀၆၈၈)** | **(စဉ်-၅၀၆၁၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၀၆၆/ခ)၊(၆-လွှာ)၊ ရှင်သီ္ဗတ်(၁၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၁၁၁၉၈၉၅**

## အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြေညာခြင်း

မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉၅၁ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် အောက်ဖော်ပြပါ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လေလံတင်ရောင်းချသွားမည်ဖြစ်သဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်-

**ပစ္စည်းစာရင်း**

Lot No (1) မိတ္ထီလာမြို့၊ ပြည်သာယာ(တောင်)ရပ်ကွက်၊ ကွင်းအမှတ် (ဂ/ပြည်သာယာတောင်)၊ ဦးပိုင်အမှတ် (၈၇)၊ မြေကွက်အမှတ်(၈၇)၊ မြေဧရိယာ(၀.၀၄၂)ဧကပေါ်ရှိ (၃၂ x ၂၄)ပေရှိ (၁)ထပ်အုတ်ညှပ်တိုက်နှင့် တွဲလျက် (၂၄ x ၁၀)ပေရှိ မီးဖိုဆောင်၊

Lot No (2) မိတ္ထီလာမြို့၊ ပြည်သာယာ(မြောက်)ရပ်ကွက်၊ ကွင်းအမှတ်(က)၊ ဦးပိုင်အမှတ် (က/၁၂၁)၊ မြေဧရိယာ(၀.၀၄၂)ဧကပေါ်ရှိ (၃၀ x ၂၄ ) ပေရှိ (၁)ထပ် အုတ်ညှပ်တိုက်၊

Lot No(3) ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၁၅၈၃/၂)၊ သိမ်တော်ကုန်း၊ ဦးပိုင်အမှတ် (၁/၁၃၁)၊ မြေကွက်အမှတ် (F၆/၃၅၄)၊ မြေဧရိယာ(၀.၀၈၀)ဧကရှိ နှစ်(၂၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ညှပ်(၂)ထပ်တိုက်နှင့်တွဲလျက် အုတ်ညှပ်(၁)ထပ်တိုက် အဆောက်အအုံ(၁)လုံး၊

Lot No (4) ဝမ်းတွင်းမြို့နယ်၊ မြေတိုင်ကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၁၄၂၅/က/မြေတိုင်ကန်- W) ဦးပိုင်အမှတ်(၄၆/၁)၊ ယာမြေဧရိယာ (၁.၂၀)ဧက၊

Lot No (5) ဝမ်းတွင်းမြို့နယ်၊ မြေတိုင်ကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၁၄၂၅ /က/)၊ ဦးပိုင်အမှတ်(၄၆/၃)၊ ယာမြေဧရိယာ(၀.၄၈)ဧက၊

Lot No (6) ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာအုပ်စု၊ ကွင်း / အကွက်အမှတ်(၁၃၂၂ / ရုံးတော )၊ ဦးပိုင်အမှတ်(၁၂၇)၊ ယာမြေဧရိယာ(၀.၃၆)ဧက၊

မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာငွေကျပ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်-

(က) **လျှောက်လွှာရောင်းချမည့်ရက်** - ၄-၁၂-၂၀၂၃ရက်မှ ၁၁-၁၂-၂၀၂၃ရက်ထိ
( ခ ) **လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၁ -၁၂-၂၀၂၃ ရက် ၁၆:၀၀ နာရီ
( ဂ ) **လျှောက်လွှာရောင်းချမည့်နေရာ** - မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး
(ဃ) **လေလံဖွင့်မည့်ရက်/အချိန်** - ၁၃ -၁၂-၂၀၂၃ ရက် ၊ ၁၀:၀၀ နာရီ
(င) **လေလံဖွင့်မည့်နေရာ** - မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး

အိတ်ဖွင့်လေလံနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၄-၂၂၃၀၅၆၊ ၀၆၄-၂၂၂၃၀၆၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးစီမံခန့်ခွဲရေးကော်မတီ**
**(မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်း အနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (A-3)၊Zone (A)အဆောက်အအုံ၏ အခန်းအမှတ် ၂၁၀၊ (ပထအထပ်)၊ ဧရိယာ ၉၀၅၊ စတုရန်းပေရှိ ကွန်ဒို တိုက်ခန်း ၎င်းကွန်ဒို တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံ ကတိပြုသူဖြစ်သော ဒေါ်ခင်မေကြည် ၁၂/ လသန(နိုင်)၀၀၇၄၀၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ဇင်ဝေမြင့် ၁၂/ကတတ(နိုင်)၀၂၆၃၅၄ က အပြီးအပြတ်ဝယ်ယူထားပြီး ရောင်းဖိုးငွေများအား တစ်လုံးတစ်ခဲတည်း အပြေအကျေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ဇင်ဝေမြင့် ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ခိုင်ဝင်း** | **ဒေါ်ဝေဖြိုးအောင်** |
| **(LL.B),WIPO(Switzerland)** | **(LL.B),WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)** |

**အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇၊၀၉-၇၉၈၁၉၉၃၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (၈၈-၃၃)၊ ဦးပိုင်အမှတ်(၁၄)၊ ၄၅လမ်း၊၁၀၇လမ်းထောင့်ရှိ ဦးမျိုးနိုင်ဦး၊ ဦးလှမျိုးတို့ (၂)ဦးအမည်ဖြင့် ချထားပေးသော မြေကွက်အား မြေစလစ်မူရင်းမှာ လက်ဝယ်တွင် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရား ရုံးကျမ်းကျိန်ချက်များနှင့် အတူ ဦးမျိုးနိုင်ဦး ၅/ မမန(နိုင်) ၀၅၀၂၅၀၊ ဦးလှမျိုး ၉/ မနတ(နိုင်) ၀၂၈၉၉၅ တို့က အမှုတွဲအမှတ် ၅၅၅၄/၂၀၂၃-၂၀၂၄ ဖြင့် ဂရန်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ တရားသီးစုရပ်ကွက်နေ ဒေါ်ခင်အေးညိုက စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ပါဒလိပ်ချိုပ်အနောက်အကွက်၊ ဦးပိုင်အမှတ်(၂၄-ဆ)၊ ဧရိယာ(၀ဒသမ၀၅၀)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဦးစံတိုးအောင်မှာ ကွယ်လွန်သွားပြီးဖြစ်၍ စစ်တွေခရိုင်တရားရုံး၏ (၉-၃-၂၀၂၂) ရက်စွဲပါတရားမ အထွေထွေမှုအမှတ်(၅/၂၀၂၁) အမွေထိန်း လက်မှတ်စာနှင့် (၂၀-၆-၂၀၂၃)ရက်စွဲပါ တရားမအထွေထွေမှုအမှတ်(၁/၂၀၂၃) ရောင်းချခွင့်အမိန့်တို့အရ ဦးမောင်သာဟန်ထံမှ ဒေါ်ခင်အေးညိုက စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၂၂/၂၀၂၃အရ အိမ်ရာမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ဒေါ်ခင်အေးညိုက ၎င်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်တွေမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မြိတ်တက္ကသိုလ် မြိတ်တက္ကသိုလ်၏(၁၄)ကြိမ်မြောက် နေ့သင်တန်းနှင့် အဝေးသင် သင်တန်း ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

မြိတ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ပြုလုပ်မည့်(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် နေ့သင်တန်း ၂၀၂၂-၂၀၂၃ပညာသင်နှစ်၊ ဝိဇ္ဇာ/သိပ္ပံ (ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ဘွဲ့)နှင့် အဝေးသင် သင်တန်း ၂၀၂၃ ပညာသင်နှစ်အတွက် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

တက်ရောက်ဘွဲ့ကြေး - ၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀၀/-(ကျပ်တစ်သောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက် - (၁၁-၁၂-၂၀၂၃)ရက်မှ(၁၁-၁-၂၀၂၄)ရက်အထိ

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို နေ့သင်တန်းကျောင်းသား၊ ကျောင်းသူများသည် သင်တန်းရေးရာဌာန၊ အဝေးသင်ကျောင်းသား၊ ကျောင်းသူများသည် အဝေးသင်ဌာနတို့တွင် ရယူ၍ လွန်ခဲ့သော (၁)လအတွင်း(ရိုက်ကူးထားသော (၂" x ၁ ၁/၂"))၊ ဓာတ်ပုံ(၃)ပုံနှင့်အတူပူးတွဲ၍ ပြည့်စုံစွာ ဖြည့်စွက် လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)၊ နှစ်သက်ရာဝတ်စုံများကို အပြည့်အစုံစနစ်တကျ ဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရမည်။

၂။ သတ်မှတ်ဘွဲ့ကြေးများကို မြိတ်တက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်ဖြစ်ပါသည်။အချိန်မီလျှောက်ထားခြင်းမပြုလျှင် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ရမည်မဟုတ်ပါ။

၃။ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်မိတ္တူနှစ်မျိုးစလုံး တင်ပြနိုင်မှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်စသည်များကိုလည်း တိကျစွာ ဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့ လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အဆိုပါပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် လျှောက်ထားခြင်းမပြုရသေးသူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို (၂၁-၁-၂၀၂၄) ရက်တွင် မြိတ်တက္ကသိုလ် သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းများတွင် ထပ်မံကြေညာသွားပါမည်။

၉။ အသေးစိတ်အချက်အလက်များ သိလိုပါက မြိတ်တက္ကသိုလ် သင်တန်းရေးရာဌာန၊ အဝေးသင်ဌာနတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာ**
**မြိတ်တက္ကသိုလ်**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အထက (သနပ်ပင်)တွင် ပညာသင်ကြားနေသော G-5 မှ (ဘ)ဦးဇေယျာ ၇/ ဝမန(နိုင်)၁၀၉၆၉၆ ၏ သား မောင်လင်းလျှံမိုးအား မောင်လင်းမြတ်ဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းမြတ်ဦး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်လင်းအောင် ၇/ ပခန(နိုင်)၃၁၁၅၅၄ ၏ ပတ်စ်ပို့ နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၈၈၂၀၂၀၇၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မျိုးကို ၇/ကပက(နိုင်)၀၉၅၂၀၃၏ နိုင်ငံကူးလက်မှတ် MG-919721 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၁၀၀၇၀၀၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအင်ရှိန် ၁၃/တခလ(နိုင်)၀၆၆၃၈၄၏ နိုင်ငံကူး လက်မှတ် အမှတ် (MB-797360)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၉၆၅၉၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/56342, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးဦး ၁၄/လပတ(နိုင်)၁၂၅၉၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၈ဃ/၈၄၅၄၉, HONDA SCOOPY ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းတစ် ၁၃/မဖန(နိုင်) ၀၁၃၇၅၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန ကွပ်ကဲမှုအောက်ရှိ အောက်ပါဈေးများမှ လစ်လပ်လျက်ရှိသော အခန်းနေရာများကို တင်ဒါစနစ်ဖြင့် ငှားရမ်းရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

ငှားရမ်းမည့်နေရာ နှင့် အထပ်လွှာများ

| | |
|---|---|
| သဃ်န်းကျွန်းမြို့နယ်၊စံပြငမိုးရိပ်ဈေး | - ဒုတိယထပ်(ခေါင်မိုးထပ်) |
| အင်းစိန်မြို့နယ်၊ ဘိုကုန်းဈေး | - ပထမထပ်(နှစ်ထပ်ရုံ အပေါ်ထပ်) |
| မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မင်္ဂလာမွန်ဈေး | - တတိယထပ်၊ စတုတ္ထထပ် |
| မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မင်္ဂလာဈေးသစ် | - အဆောင်(A) သတ္တမထပ်၊ အဋ္ဌမထပ်၊ နဝမထပ်၊ ခေါင်မိုးထပ် |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၁၁-၂၀၂၃ ရက် မှ ၁၄-၁၂-၂၀၂၃ ရက်ထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - မြို့တော်ခန်းမ (ဒုတိယထပ်)၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၁၅-၁၂-၂၀၂၃ ရက်(သောကြာနေ့)၊ ၁၅:၀၀ နာရီ

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၏ တယ်လီဖုန်းအမှတ်-၀၁-၃၇၆၇၀၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြေညာချက် ယွန်းပညာကောလိပ်(ပုဂံ)

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ယွန်းပညာကောလိပ် (ပုဂံ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ယွန်းအတတ်ပညာဒီပလိုမာ(၂)နှစ်သင်တန်းများကို (၂၃-၁၁-၂၀၂၃)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို (၁၆-၁၁-၂၀၂၃)ရက်မှစတင်၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၂)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်၊ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၃၀၁)၊ ဧရိယာ (၁၁၅၀)စ/ပေ၊ တတိယထပ် တိုက်ခန်းနှင့် ရေ၊မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

ဖော်ပြပါ ဒေါ်စန်းရီ(၁၂/ကမတ(နိုင်)၀၁၆၇၁၅)အမည်ပေါက် တိုက်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဒေါ်စန္ဒာလင်း (၁၂/ရကန(နိုင်)၀၆၈၂၉၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်လွင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**ဖုန်း-၀၉-၄၂၆၇၇၉၉၉၃**
**E-5,Sagawar Street/FMI City.Hlaingtharyar.**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ မာလာမြိုင်လမ်း၊ မြေကွက်အမှတ်(၁၃၇၂)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဒေါ်ဝါဝါအောင် အမည်ပါရှိသော ပါမစ်မူရင်းမြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်အရပ်ကတိစာချုပ်များဖြင့် လက်ဝယ်ထားပိုင်ဆိုင်ထားခဲ့ကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသန်းထွန်းလင်း ၁၂/သဃက(နိုင်) ၁၇၇၀၃၁မှ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသည်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အိအိနိုင် ၁၂/ဒပန (နိုင်) ၀၆၀၇၁၀မှ သမီးအရင်းဖြစ်သူ ဒေါ်မျိုးအိအိထွန်း အတွက် နာမည်ငှားစနစ်ဖြင့် ဝယ်ယူပေးရန် သဘောတူညီလျက် အိမ်ခြံမြေ၏ တန်ဖိုးအဖြစ် (၁၄-၁၁-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ် ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီး ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၀၀၄)၊ မြေညီထပ်၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၆၃၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေကျေးရွာအုပ်စု၊ သစ်ညို့ကုန်းကျေးရွာနေ (ဘ)ဦးစိန်ဆိုင်၏သား ကျွန်တော် မောင်အောင်မိုးဝင်း ၈/ခမန(နိုင်)၂၀၈၉၅၀၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် ( MG-548796) သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၈၄၉၆၂၈**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၃၃ ဟု ခေါ်တွင်သော (၂)ခန်းတွဲ(၈)ထပ်တိုက်၏(၆-လွှာ)(အေ)၊(ခေါင်းရင်းခြမ်း)၊(၁၅ပေx ၆၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဖြိုးလှိုင် ၁၂/မဂဒ(နိုင်)၁၅၆၀၀၀ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေကစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဝဏ္ဏ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၂)**
**တိုက်(၁၀/၁၂)၊ အခန်း၁၀၄/ဈ(ပ)ထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၇၂၉၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်/အမည်-ဦးသူတော်ကွက်သစ်၊ ဦးပိုင်အမှတ် -(၁၈)၊ မြေဧရိယာ (၀.၁၁၀)ဧကအတွင်းမှ အလျား (၄၀)ပေ x အနံပေ(၆၀)ရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောအာစီတစ်ထပ်နေအိမ်အဆောက်အအုံတစ်လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဥမ္မာအောင် (၁၀/ကမရ(နိုင်) ၀၅၈၁၀၅)မှ ရောင်းချပိုင်ခွင့်ရှိသော နေအိမ်နှင့်ခြံမြေကွက်ဖြစ်ပါသည်။ အဆိုပါနေအိမ်နှင့်ခြံမြေကွက်အား ရောင်းချသူမှ လက်ရှိလက်ဝယ် ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာစိုး(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၁၃၃)**
**ဒေါနလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြဝတီမြို့၊ ဖုန်း -၀၉-၇၈၇၇၇၇၇၇၂၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၃-နန္ဒဝန်)၊ ဦးပိုင်အမှတ်(၈လမ်း-၃)၊ ဧရိယာ (၀.၁၁၀)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၁၁၇၀ V ၁၉၉၂-၁၉၉၃ အရ(၇-၉-၁၉၉၃)မှ(၆-၉-၂၀၂၃)ထိ ဦးစံထွန်းအမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသောမြေအား ဒေါ်မိုးမိုးထွေး၊ ဒေါ်ဝါဝါ၊ ဒေါ်ယမင်းငွေတို့မှ မြေငှားစာချုပ်(အမည်ပြောင်းသက်တမ်းတိုး)လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်းသက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/7077 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၄၉)၊ ကျွဲစားကျက်ကွင်း၊ ဦးပိုင်အမှတ်(၁၈/၅)၊ ဧရိယာ(၀ဒသမ၁၈)ဧက အနက်မှ (၀ဒသမ၁၃)ဧကရှိ မြို့မြေအား ဦးရဲကျော်သူ အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးရဲကျော်သူ ၁၄/ကပန(နိုင်) ၁၁၁၂၂၈**
**အရှေ့လမ်းမတော်၊ အမှတ်(၁)ရပ်ကွက်၊ ရေကြည်မြို့၊**
**ဖုန်း-၀၉-၄၂၂၄၆၈၃၁၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့၊ ကွင်းနောက်ရပ်ကွက်နေ မမိုး ၇/ကတခ(နိုင်)၀၇၅၇၃၇ ၏ ဖခင် ဦးဒါးဦးနှင့် ဦးဒါဦးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဒါးဦး(ခ)ဦးဒါဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၅၆၅၀၄, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၆/လလန(နိုင်)၁၄၅၉၈၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးသွားပါသဖြင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၄၇၂၆၈, Honda Dream-100P, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသက်ညွှာဦး ၆/လလန(နိုင်)၀၇၁၃၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/15782, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမင်းနိုင် ၁၄/ဝခမ(နိုင်)၁၂၂၅၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၉၄၇၁, Honda Wave NF 125T ယာဉ်လက်ဝယ်ရှိသူ ဦးသူရထွေး ၆/ထဝန(နိုင်) ၀၇၆၄၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/94677, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမိုး ၁၄/ဝခမ(နိုင်)၁၄၆၄၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးသွားပါသဖြင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/23833, Lifan -110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၄/ဝခမ(နိုင်)၀၆၄၁၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၆၉၆၄၃, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၆/လလန(နိုင်) ၀၇၃၆၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၆၇၀၆, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးငထောင် ၁၁/မဥန(နိုင်)၀၁၉၅၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၃-နန္ဒဝန်)၊ ဦးပိုင်အမှတ်(၈လမ်း-၄)၊ ဧရိယာ ၀.၁၁၀ ဧကရှိ မြေအား မြို့မြေ အမှုတွဲအမှတ် ၂၀၇၄V ၁၉၉၂-၁၉၉၃ အရ(၉-၁၂-၁၉၉၃)မှ(၈-၁၂-၂၀၂၃)အထိ ဦးသန်းမြင့်အမည်ဖြင့် နှစ် (၃၀) မြေငှားစာချုပ်ရရှိထားသော မြေအား ဒေါ်စိုးမိုးသက်မှ မြေငှားစာချုပ် (အမည်ပြောင်းသက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွနံပါက်ပြားပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/ 8209, Toyota ALPHARD MNH 15, Micro bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဲလှဲဝင်း ၅/မရန(နိုင်) ၁၂၆၃၀၂ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)ရပ်ကွက်၊ စက်မှု(၁၀)လမ်း၊ အမှတ်-၄၂/၁၂၀(ခ)တွင် နေထိုင်သူ ဦးအောင်ထွန်း ၁၃/တယန(နိုင်)၁၀၄၆၅သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို သုံးစွဲသူဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည်ကို အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

**စာချုပ်အမှတ် (၄/၉၆၃၂/၂၀၂၃)**

အထက်ဖော်ပြပါ "ဦးအောင်" အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အမဲသား၊ ကြက်သားအစို၊ အခြောက်တို့တွင် ကပ်နိုင်၊ ရိုက်နှိပ်၊ တွယ်ကပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ထို့ကြောင့်အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှား မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်အသုံးပြုဖြန့်ချိခြင်း၊ တစ်နည်းနည်းဖြင့်အသုံးပြုခြင်းတို့ကို မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်မောင်(LL.B, D.B.L)** **ဒေါ်မြတ်ဆုဝေ(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၈၅၈) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၁၁)**
**ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၄၇၄)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၈)မိုင်၊ မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၁၀၇၈)၊ သုခိတာလမ်း၊ အကျယ်အဝန်းပေ (၄၀ x ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးစိုးတင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအောင်အောင်မြတ် ၁၂/လမန(နိုင်)၁၀၂၄၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B, LL.M) အထက်တန်းရှေ့နေ (စဥ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ဘီ)၊ မြေကွက်အမှတ်(၈၄)၊ မောင်းမကန်ကမ်းသာလမ်း၊ အကျယ်အဝန်း ပေ(၈၀ x ၈၀)ရှိ ဦးမောင်မောင်ထွေး(ခ)မောင်ထွေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသိန်းသန်း ၁၂/သကတ(နိုင်)၁၂၁၁၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B, LL.M) အထက်တန်းရှေ့နေ (စဥ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အမှတ်(၁၅/၆၉၀)နေ ဦးဘိုမွေးအောင် ၉/ပမန(နိုင်)၀၅၈၅၈၈)နှင့်ဇနီး ဒေါ်သန္တာဝင်း ၉/ပမန(နိုင်)၁၃၂၇၄၇ တို့၏ သမီးဖြစ်သူ ဒေါ်ဝေဝေမြင့် ၉/ပမန(နိုင်)၂၃၇၁၃၃ ဖြစ်သူသည် မိဘ၏ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများသဘောမတူ တားမြစ်ထားသည့် ကိစ္စများကို ပြုမူဆောင်ရွက်ကာ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှ ထွက်ခွာသွားခဲ့သည့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါကြောင်း၊ ဒေါ်ဝေဝေမြင့်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကိုလည်း မိဘများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်ဝေဝေမြင့်အနေဖြင့် မိဘများသက်ရှိထင်ရှားရှိနေစဉ်တွင်လည်းကောင်း၊ မိဘများမရှိတော့မည့်နောက်ပိုင်းတွင်လည်းကောင်း မိဘများပိုင်ဆိုင်သော ပစ္စည်းများနှင့်သက်ဆိုင်မှုရှိတော့မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးဘိုမွေးအောင်** **ဒေါ်သန္တာဝင်း**
**၉/ပမန(နိုင်)၀၅၈၅၈၈** **၉/ပမန(နိုင်)၁၃၂၇၄၇**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၄ /၂၀၂၃-၂၀၂၄ ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း မှ အောက်ပါ သတ္တုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည် -

(က) Smelter Slag (၁၀၀၀၀၀) မက်ထရစ်တန်

(1) Lotလျှင်(၅၀၀၀၀)မက်ထရစ်တန်စီဖြင့်(2)Lotsနမူနာတူသတ္တုတွင်း၊

| | | | |
|---|---|---|---|
| (ခ) | ခဲသတ္တု (Pb-၄၄.၉၈၅%) | ၆၉ တန် | လွိုင်လင်မြို့ |
| (ဂ) | ခနောက်စိမ်းသတ္တု(Sb-၁၇.၆၈၅ %) | ၂၀ တန် | ဟဲဟိုးရုံးခွဲ |

၂။ (က) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၅-၁၁-၂၀၂၃ ရက်မှ ၂၈-၁၁- ၂၀၂၃ ရက်အထိ ရောင်းချသွားမည် ဖြစ်ပါသည်။

(ခ) တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၃၀-၁၁-၂၀၂၃ ရက်၊ (၁၃:၀၀) နာရီဖြစ်ပြီး ယင်းရက် (၁၅:၀၀)နာရီတွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ် (၁၉)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၉၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဝါနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲလက်အောက်ရှိ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ဝါးခယ်မလျှော်ခြွေး လျှော်ထုပ်စက်ရုံ မြေ ၇၀ ဒသမ ၀၁ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံများအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ငှားရမ်းမှုအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ဈေးနှုန်း ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၆-၁၁-၂၀၂၃ ရက်မှ ၂၈-၁၁-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |
| ၄။ | **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၉-၁၁-၂၀၂၃ ရက်နေ့၊ (၁၃:၀၀)နာရီ။ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၄)၊ မြေတိုင်းအမှတ်(၁၄)၊ ရာဇာဓိရာဇ်(၃)လမ်း၊ အမှတ်(၈၈)ဟု ခေါ်တွင်သည့် ဦးခင်ရွှေအမည်ပေါက် နှစ်(၃၀) မြေငှားဂရန်ရရှိထားသည့် ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ် (၁)လုံးတို့အား ဦးခင်ရွှေနှင့် ဇနီးဖြစ်သူဒေါ်ခင်ရီတို့ ကွယ်လွန်ခဲ့ပြီးနောက် ထိုအိမ်မြေ၊ ထိုအိမ်မြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိသူ သားသမီးများဖြစ်ကြသည့် ဦးမြင့်ဦး ၇/ပခန(နိုင်)၂၁၅၀၁၈၊ ဒေါ်မော်မော်ဦး ၇/ပခန(နိုင်)၀၃၅၄၀၂၊ ဒေါ်မူမူနိုင် ၇/ပခန(နိုင်)၀၃၄၆၉၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မိုးစန္ဒာဆွေ ၇/ပခန(နိုင်)၁၈၁၃၂၃ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ထိုအိမ်မြေနှင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၀၀၉)**
**အမှတ်(၃/၁၁၉)၊ မာဃလမ်း၊ ရပ်ကွက်ကြီး(၂)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄)လမ်း၊ အမှတ်(၅၃၁)ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ပဉ္စမထပ်(၆လွှာ)၊ တိုက်မျက်နှာမူ(ညာ)၊ အကျယ်အဝန်း (၅၅၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထက်ထက်အောင် ၉/ကပတ(နိုင်)၂၂၃၅၉၀၊ ဒေါ်အေးနုဝါ ၁၀/မလမ(နိုင်)၁၈၄၃၇၆တို့ထံမှကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဇော်ဝင်းထွန်း ၁၂/ဒဂမ(နိုင်)၀၂၀၂၅၈၊ ဒေါ်ကရေစီမြင့် ၁/မညန(နိုင်)၁၂၆၉၅၆တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်း၊ ဒေါ်ကရေစီမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉ ၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ပြာခိုင် (ဘ)ဦးဝင်းဇော် ၁၀/ကထန(နိုင်)၁၇၄၁၄၃ နှင့် ဦးနိုင်လင်းထွန်း (ဘ)ဦးအုံးသောင် ၁၀/ကထန(နိုင်) ၁၁၆၆၂၉ တို့သည် ၂၀၀၆ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းအရ အကြင်လင်မယားအဖြစ် လက်ထပ် ပေါင်းသင်းခဲ့ကြပြီး မောင်ဇင်မင်းထက်(၁၆)နှစ်၊ မောင်ဇင်မျိုးအောင်(၁၀)နှစ်၊ မထွန်းရတီ(၇)နှစ်၊ မခင်ပိုးအိမ်(၃)နှစ်တို့ (၄)ဦးအား မွေးဖွားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ပြာခိုင်နှင့် ဦးနိုင်လင်းထွန်းတို့သည် ၁၄-၈-၂၀၂၃ ရက်တွင် ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးမြအေးနှင့် ရပ်မိရပ်ဖအသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား ရေးသားချုပ်ဆိုကာ ကွာရှင်းပြတ်စဲခဲ့ကြကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ပြာခိုင်နှင့် ဦးနိုင်လင်းထွန်းတို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်၍ လင်ခန်းမယားခန်းပြတ်စဲသွားကြသည်မှာ (၃)လရှိပြီဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးလင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခြင်း၊ သက်ဆိုင်ပတ်သက်ခြင်း မရှိတော့ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ကြည်ပြာခိုင်** | **ဒေါ်စပယ်စိုး(LL.B)** | **ဒေါ်အေးသက်မွန်(LL.B)** |
| **၁၀/ကထန(နိုင်)၁၇၄၁၄၃** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၆၅၁၆၈၇၆၁၀** | **(စဥ်-၁၀၅၃၇ )(၃၀-၄-၂၀၁၅)** | **(စဥ်-၁၈၃၇၇)(၁၆-၁၀-၂၀၂၃)** |
| | **အမှတ်(၁၁၅)၊အောင်သပြေ(၃)လမ်း** | **အောင်သီရိမြိုင်(၃)လမ်း** |
| | **ကံ့ကော်ရပ်ကွက်၊ကျိုက်ထိုမြို့ ။** | **တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့။** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြောင်းမြမြို့၊ အမှတ်(၇)ရပ်ကွက်၊ ရွှေဂုံတိုင်(၂)လမ်း၊ အမှတ်(၂၉)နေ ဦးအောင်ထွန်းမြင့် ၁၄/မမန(နိုင်)၁၇၇၂၁၅ မှ မြောင်းမြမြို့၊ အမှတ်(၇)ရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ် (၇-ခ) သရက်ကုန်းအရှေ့၊ ဦးပိုင်အမှတ် (၅၄/၇၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေသည် ဦးအုန်းကြိုင်၊ ဒေါ်ရင်မေ အမည်ဖြင့်(၁၀)နှစ်ဂရန်ရရှိထားပြီး ဦးအုန်းကြိုင်သည် ၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် ၁-၄-၂၀၁၆ ရက်တွင် ဒေါ်ရင်မေ(ခ)ဒေါ်ရင်ရင်မေမှ နေအိမ်အပါအဝင် မြေနှင့်မြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပိုင်ရောင်းချခြင်း စာချုပ်အမှတ်(၉၀/၂၀၁၆)ဖြင့် ဦးအောင်ထွန်းမြင့်အား အပိုင်ရောင်းချခဲ့ရာ ဂရန်သက်တမ်းကုန်ဆုံးသဖြင့် လူနေထိုင်ရန် မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားမှုတွင် ဦးအုန်းကြိုင်၊ ဒေါ်ရင်မေ အမည်ပေါက် ဂရန်စာချုပ်သည်မည်သူ တစ်ဦးတစ်ယောက်မျှ ပေါင်းနှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းနှင့် အမွေဆက်ခံထားခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးသွားပါသဖြင့် ဦးအုန်းကြိုင်၊ ဒေါ်ရင်မေ အမည်ပေါက် ဂရန်စာချုပ် မတင်ပြနိုင်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထား ပြည့်စုံစွာဖြင့် ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း စာဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ထားသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးအောင်ထွန်းမြင့် အမည်ဖြင့် လူနေထိုင်ရန် မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ ပွတ်စုကျေးရွာနေ(ဘ)ဦးမြင့်အေး၏သမီး မရတနာမြင့်အေး ၇/တငန(နိုင်)၂၃၄၈၇၀ သည် မိဘ၏ ဆိုဆုံးမမှုအား မနာခံဘဲ မိဘစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၅၇၁/၂၀၁၂)**
**အမှတ်(၆၆၂)၊ နန္ဒကျော်ထင်လမ်း၊ မင်းကြီးညိုရပ်ကွက်၊**
**တောင်ငူမြို့။ ဖုန်း-၀၉-၄၂၈၁၁၃၆၄၁**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ ဒေါ်ငြိမ်း အထက Grade-12(A)မှ မောင်ရှိုင်းမာန်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဇော ၁၄/အမတ(နိုင်)၀၄၉၀၆၀ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဇော**
**၁၄/အမတ(နိုင်)၀၄၉၀၆၀**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ချင်းပုန်းအရှေ့ရွာနေ ဦးခင်ကျော်၏သမီး မရင်ရင်အေး ၅/ယမပ(နိုင်)၁၄၄၇၅၆ ၏နိုင်ငံကူးလက်မှတ် MC-477380 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၉၄၃၄၂၇၆၀၇

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ညောင်ကိုင်းအရှေ့ရွာနေ ဦးငွေကြွယ်၏သမီး မမူမူစန်း ၅/ယမပ(နိုင်)၁၃၆၃၃၈ ၏ နိုင်ငံကူးလက်မှတ် MC-405043 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၃၄၂၇၆၀၇

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မင်းဘူးမြို့နယ်တရားရုံးတော်
## ၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၇

| | | |
|---|---|---|
| ဒေါ်နန္ဒာဝင်းထွန်း | နှင့် | ဒေါ်နန်းစုစုမြင့်အောင် |
| (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ) | | |
| ဦးတင်အောင်ထွန်း | | |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
| **တရားလို** | | **တရားပြိုင်** |

ဒေါ်နန်းစုစုမြင့်အောင်၊ အမှတ်(၃၀၃၂)၊ လေကြောင်းရန်ကာကွယ်ရေးတပ်၊ ဆွာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားနိုင်က ဤရုံးသို့ သင့်အား တရားမအကျဉ်းထောင်ချမှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍၊ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထက်)**
**မြို့နယ်တရားသူကြီး**
**မင်းဘူးမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ လိုင်းရွာနေ ဦးဖိုးတူး၏သား မောင်ချမ်းမြေ့ ၅/ပလန(နိုင်)၀၇၁၈၈၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MA-865452 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၄၀၃၅၈၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ ရွှေလီလမ်းနေ ဒေါ်တင်တင်ဝင်း ၅/စကန(နိုင်)၁၃၃၅၁၅ ၏သား မောင်သဲကိုကို ၉/ပသက(နိုင်)၀၉၁၀၅၁ သည် မိခင်အားစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင် ဒေါ်တင်တင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/5390 Kaung Khant 300 T/Wယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွန်း ၅/ကနန(နိုင်)၀၇၀၁၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မုံရွာ)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

